# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ သောကြာနေ့ | အတွဲ(၆၅)၊ အမှတ်(၂၇၈)


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

**ယနေ့ မိုးလေဝသ**

**နေပြည်တော်**
မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်မည်။

**ရန်ကုန်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယ-မြန်မာ- ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းနှင့်ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

# အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**အိမ်နီးချင်းနိုင်ငံများနှင့် မဟာဗျူဟာအရအရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများကို မိမိတို့အစိုးရ တာဝန်ယူထားရသည့်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးမှုရှိစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်**

နေပြည်တော် ဇူလိုင် ၉

အိန္ဒိယ-မြန်မာ- ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✪

**အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး**

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

စာမျက်နှာ ➤ ၆

## သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၁၉) ကြိမ်မြောက် မျက်စိအလှူအတွက် မျက်စိဝေဒနာရှင်များ စာရင်းပေးသွင်းနိုင်

ရန်ကုန် ဇူလိုင် ၉

သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၁၉) ကြိမ်မြောက် မျက်စိအလှူအတွက် မျက်စိဝေဒနာရှင်များ ဇူလိုင် ၉ ရက်မှစတင်၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း အဆိုပါဆေးရုံမှ ကြေညာထားသည်။

သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၏ (၁၉) ကြိမ်မြောက် မျက်စိအလင်းအလှူအတွက် မျက်စိလူနာများအား ဇူလိုင်၉ ရက်မှစ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)ဘေလီတံတား၊ နာရီစင်မှတ်တိုင်ဦးဝိစာရနှင့် ပင်လုံလမ်းဆုံ၊သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၌ စတင်လက်ခံသွားမည်ဖြစ်၍ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားစာရင်းပေးနိုင်ကြောင်း သိရသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ◆

## အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့၌ အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၉

အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မြို့၌ အကြိမ် (၄၀) မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖြစ် အသက် (၄၈) နှစ်ရှိ အသည်းလူနာ အမျိုးသားနှင့် အသက်(၂၅)နှစ်ရှိ အသည်းအလှူရှင် အမျိုးသမီးတူအရီးတို့ကို ဇူလိုင် ၃ ရက်က ခွဲစိတ်ကုသဆောင်ရွက်ခဲ့ပြီး လူနာနှင့်အသည်းအလှူရှင် နှစ်ဦးတို့အား အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ

စာမျက်နှာ ၄ ကော်လံ ၁ ❑



# နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့် အစီရင်ခံစာတင်သွင်းခြင်းနှင့် ဆုံးဖြတ်ချက်အဆို တင်သွင်းခြင်းတို့သည် မြန်မာနိုင်ငံ၏ ပကတိမြေပြင်အခြေအနေမှန်ကို ထင်ဟပ်နိုင်ခြင်းမရှိ

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၈ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၆၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူများနှင့်ဆန့်ကျင်လျက် မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ အစည်းအဝေးကာလအတွင်း ၂၉-၆-၂၀၂၆ ရက်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းမှုပြုလုပ်ခဲ့ပြီး အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)က တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကိုလည်း ၆-၇-၂၀၂၆ ရက်တွင် သက်ဆိုင်ရာ မြန်မာနိုင်ငံ မပါဝင်ဘဲ အတည်ပြုချမှတ်ခဲ့သည်။

မဟာမင်းကြီး၏အစီရင်ခံစာတွင် ယခင်လူ့အခွင့်အရေးကောင်စီ အစည်းအဝေးများအတွင်း အထူးအစီရင်ခံစာတင်သွင်းသူဟုဆိုသူက တင်သွင်းခဲ့သည့် အစီရင်ခံစာနှင့် အချက်အလက်များကိုသာ ထပ်တလဲလဲ ပြန်လည်ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အဆိုပါ အစီရင်ခံစာတွင် အလွန်အမင်း အစွန်းရောက်သော အမြင်များနှင့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကိုသာ ဖော်ပြထားသည့်အတွက်

စာမျက်နှာ ၉ ကော်လံ ၁ ❖

ကျားပါးစပ်သောင်တူးရေယာဉ် M.V.Mercury Force ဖြင့် သောင်တူးဖော်ခြင်း





သီဟဒီပသောင်တူးရေယာဉ် အသုံးပြု၍ သောင်တူးဖော်ခြင်း






**❒ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်နိုင်သည့် ကုန်းလမ်းဆက်သွယ်မှုလမ်းကြောင်းနှင့် ရေကြောင်းဆက်သွယ်မှုလမ်းကြောင်းများသည် နယ်စပ်ဒေသကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုများကို များစွာအထောက်အကူပြု**

**❒ မိမိတို့နိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ယခင်ကတည်းကရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် လမ်းကြောင်းစီမံကိန်းများကို အဆင့်မြှင့်တင်နိုင်ရေး ဦးစားပေးပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

**❒ ယခုစီမံကိန်းများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်လို**

**❒ မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလမ်းကြောင်းများ များစွာရှိပြီး မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လို**

❂ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုးနှင့် ဦးမျိုးသန့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် အိမ်နီးချင်း ငါးနိုင်ငံရှိပြီး ကုန်းလမ်းဆက်သွယ်မှုလမ်းကြောင်း၊ ရေလမ်းဆက်သွယ်မှုလမ်းကြောင်းများရှိကြောင်း၊ အဆိုပါ **အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်နိုင်သည့် ကုန်းလမ်းဆက်သွယ်မှုလမ်းကြောင်းနှင့် ရေကြောင်းဆက်သွယ်မှုလမ်းကြောင်းများသည် နယ်စပ်ဒေသကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုများကို များစွာအထောက်အကူပြု**ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိတို့နိုင်ငံတော်အစိုးရတာဝန်ယူဆောင်ရွက်ချိန်တွင် ယခင်ကတည်းကရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်သည့် လမ်းကြောင်းစီမံကိန်းများကို အဆင့်မြှင့်တင်နိုင်ရေး ဦးစားပေးပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**ကြောင်း၊ အဆိုပါစီမံကိန်းများသည် ယခင်အစိုးရများအဆက်ဆက်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူသည့်ကာလတွင် အမြန်ဆုံးပြီးပြတ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ကုလားတန်စီမံကိန်းကို ၂၀၀၈ ခုနှစ်တွင် တရားဝင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် မိမိတို့နိုင်ငံ၏အစီအစဉ်ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြဝတီလမ်းကြောင်းသည်လည်း နိုင်ငံတော်၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည်များရှိသကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည်များလည်းရှိကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများတစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိရန်လိုအပ်ကြောင်း၊ အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးအနေဖြင့်လည်း မိမိတို့နိုင်ငံအလိုက် ယာဉ်မောင်းနှင်သည့် စနစ်များတူညီမှုမရှိသဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့်ပတ်သက်၍ စနစ်တကျဆောင်ရွက်နိုင်ရန် လိုကြောင်း၊ အဆိုပါ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းနှင့်ပတ်သက်၍ ပြည်ထောင်စု ရန်ပုံငွေဖြင့်အကောင်အထည်ဖော် ဆောင်ရွက်သည်များရှိသကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့နှင့် ပူးပေါင်းဆောင်ရွက်သည်များလည်းရှိကြောင်း၊ **ယခုစီမံကိန်းများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်လို**ကြောင်း။

ဥပမာအားဖြင့် အိန္ဒိယနိုင်ငံနှင့်ဆက်သွယ်အသုံးပြုလျက်ရှိသည့် မုံရွာ – ယာကြီး – ကလေး – တမူး လမ်းကြောင်းသည် မိမိတို့နိုင်ငံနှင့် အိန္ဒိယအရှေ့မြောက်ဒေသရှိ ပြည်နယ် ခြောက်ပြည်နယ်တို့နှင့် ကူးလူးဆက်ဆံမှုများရရှိပါက မိမိတို့အတွက် ရင်းနှီးမြှုပ်နှံမှု စီးပွားရေးအခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် စီချွမ်ပြည်နယ်တို့သည်လည်း မိမိတို့ နိုင်ငံထက်လူဦးရေနှင့် စီးပွားရေး အခွင့်အလမ်းများ များစွာရှိသည့် ပြည်နယ်များဖြစ်သဖြင့်ကုန်သွယ်မှုပြုလုပ်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံနှင့်လည်းယခင်ကတည်းကအပြန်အလှန်ကုန်သွယ်မှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ဆက်စပ်လျက်ရှိသည့် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်အပြန်အလှန် ကုန်သွယ်မှုများ ပြုလုပ်နိုင်မည်ဆိုပါက ရှမ်းပြည်နယ် (အရှေ့ပိုင်း)သည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှု လမ်းကြောင်းများ များစွာရှိပြီး မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လို**ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တည်ဆောက်ရေးပိုင်း၊ လုံခြုံရေးပိုင်း၊ ဥပဒေအရထိန်းချုပ်ရေးပိုင်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအလိုက်သဘောတူညီချက်၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သဘောတူညီချက်များကို ပြီးပြတ်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ အထိုက်အလျောက် တိုးတက်ကောင်းမွန်လာပြီဖြစ်ပြီး လုံခြုံရေးပိုင်းဆိုင်ရာများ ကောင်းမွန်လာပြီဆိုပါက တည်ဆောက်ရေးပိုင်းများကို တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများသည် နှစ်နိုင်ငံအစိုးရအချင်းချင်း ဆောင်ရွက်ရခြင်းဖြစ်ပြီး မည်သည့်ကြားခံအဖွဲ့အစည်းမှ မလိုအပ်ကြောင်း၊ နယ်စပ်ဒေသကုန်သွယ်မှုများသာမက နှစ်နိုင်ငံနယ်စပ်ဒေသတွင် နေထိုင်ကြသည့် ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ တူညီကြသည့် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ကူးလူးဆက်ဆံမှုများကိုလည်း တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ **ထိုသို့ နယ်စပ်ဒေသနေ ပြည်သူများအချင်းချင်းကူးလူးဆက်ဆံမှုများ ကောင်းမွန်ခြင်းသည် နှစ်နိုင်ငံ လုံခြုံရေးနှင့်နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့ကိုလည်း များစွာအထောက်အကူ ပြုစေမည်ဖြစ်**ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာမြောက် ယခုစီမံကိန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုသာမက နှစ်နိုင်ငံဆက်ဆံရေးကိုပါ အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့် လုပ်ငန်းများဖြစ်သဖြင့် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်း(India–Myanmar–Thailand Trilateral – IMT Highway Project)၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းတို့နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် "ဒေသတွင်း၌ အပြန်အလှန် အကျိုးရှိစေမည့် စီးပွားရေးချိတ်ဆက်မှုများနှင့် နှစ်နိုင်ငံ စည်ပင်ထွန်းကားလာစေရေး နှင့် စပ်လျဉ်း၍ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းနှင့် အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းတို့ကို အပြီးသတ်နိုင်ရေး"ဟူသည့်အချက်ပါရှိခဲ့မှု၊ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် နောက်ခံသမိုင်းကြောင်းဆိုင်ရာများ၊ မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ပို့ဆောင်ရေးစင်္ကြံများနှင့် စီမံကိန်းအနေဖြင့် စီးပွားရေးစင်္ကြံများတွင် ပါဝင်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ လမ်းကြောင်းသတ်မှတ်ချက်များ၊ စီမံကိန်းတွင်ပါဝင်သည့် လမ်းပိုင်းများနှင့် လမ်းပိုင်းများအလိုက် ဘဏ္ဍာငွေရရှိမှု အခြေအနေများ၊ စီမံကိန်းဖြစ်မြောက်စေရေးအတွက် ဆောင်ရွက်ခဲ့သည့်အခြေအနေများနှင့် ပလက်ဝ–ဇိုရမ်ပူရ် နှစ်လမ်းသွား လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ နောက်ခံ သမိုင်းကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ သဘောတူစာချုပ်များချုပ်ဆိုခဲ့မှုနှင့် သဘောတူစာချုပ်များအရ စီမံကိန်းတွင်ပါဝင်သည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နားလည်မှုစာချွန်လွှာများ ရေးထိုးခြင်းနှင့် Port Operator များ ရွေးချယ်ခန့်ထားခြင်းများ ဆောင်ရွက်ခဲ့မှု၊ စစ်တွေကုလားတန်ဆိပ်ကမ်းတံတားဖွင့်ပွဲ အခမ်းအနားပြုလုပ်ခဲ့မှုနှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတံတားနှင့် ပြည်တွင်းဆိပ်ကမ်းအဖြစ် သတ်မှတ်ခဲ့မှု၊ စစ်တွေကုလားတန်ဆိပ်ကမ်းတံတားတွင် ရေယာဉ်များဆိုက်ကပ်ခြင်းနှင့် ကုန်စည်များကိုင်တွယ်နိုင်မှုအခြေအနေများ၊ စီမံကိန်းပြီးစီးပါက ရရှိလာနိုင်မည့် အကျိုးကျေးဇူးများ၊ အိန္ဒိယ–မြန်မာ–ထိုင်းသုံးနိုင်ငံအကြားနှင့် နိုင်ငံအချင်းချင်း ခရီးသည်နှင့်ကုန်စည်များ မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားလာမှုစည်းကမ်းဆိုင်ရာ မူဘောင်သဘောတူစာချုပ်ဆိုင်ရာ အချက်အလက်များ၊ အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမ စီမံကိန်းပြီးစီးပါက ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကိုလည်းကောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမစီမံကိန်းတို့တွင် ပါဝင်သည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်စီမံကိန်းလုပ်ငန်းများ ရပ်တန့်လျက်ရှိမှု၊ သုံးနိုင်ငံ အဝေးပြေးလမ်းမ စီမံကိန်းအနေဖြင့် အာရှလမ်းမကြီး၏ လမ်းပိုင်းဖြစ်သည့် တမူး–မန္တလေး–ပဲခူး–မြဝတီလမ်း (Asian Highway – AH 1) နှင့် ထပ်တူဖြစ်လျက်ရှိမှု အခြေအနေများ၊ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းဆိုင်ရာများနှင့် စီးပွားရေးစင်္ကြံများ ပါဝင်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် ပလက်ဝ – ဇိုရမ်ပူရ် နှစ်လမ်းသွားလမ်းဖောက်လုပ်ခြင်း စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုသမိုင်းကြောင်းဆိုင်ရာများ၊ အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း၏ ကလေးဝ–ယာကြီး လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ တမူး–ကျီကုန်း–ကလေးဝလမ်းပိုင်းပေါ်ရှိတံတား ၆၉စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် တမူးနယ်စပ်၌ အဆင့်မီဘက်ပေါင်းစုံစစ်ဆေးရေးဂိတ်(ICP) အဆင့် (၁) တည်ဆောက်ခြင်းလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု သမိုင်းကြောင်းဆိုင်ရာများနှင့် လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်လျက်ရှိမှုအခြေအနေများ၊ သုံးနိုင်ငံ အဝေးပြေး လမ်းမကြီးစီမံကိန်းတွင် ပါရှိသည့်လမ်းပိုင်းများ၏ အချက်အလက်များနှင့် လက်ရှိ လမ်းပိုင်းများနှင့် လမ်းပိုင်းများပေါ်ရှိတံတားများ၏ အခြေအနေများ၊ ရပ်ဝန်းနှင့် ပိုးလမ်းမကြီး စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ (China Myanmar Economic Corridor–CMEC)နှင့် ဆက်စပ်လျက်ရှိသည့် လမ်းပိုင်းများဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောနှင့် အစည်းအဝေး တက်ရောက်လာကြသူများက စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ ဖြည့်စွက် လမ်းညွှန်မှာကြားခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နယ်စပ်ဂိတ်များ ဖွင့်လှစ်၍ တရားဝင်ကုန်သွယ်မှုများဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ စီမံကိန်းလမ်းကြောင်းများအလိုက် လုံခြုံရေးပိုင်းအရ ဆောင်ရွက်ပြီးချိန်တွင် တည်ဆောက်ရေး လုပ်ငန်းများကို တစ်ပြိုင်တည်းဝင်ရောက်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။ *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီးများချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး စသည့် အမြင် ၄ မြင်တို့ဖြင့် သုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းများ၏အကျိုး၊ အပြစ်များကိုလည်း သိရှိနားလည်နိုင်ရန် လိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မဟာဗျူဟာမြောက် စီမံကိန်းလမ်းမကြီးများကို အသုံးချ၍ တရားမဝင်ကုန်သွယ်မှုများ မဖြစ်စေရေးအတွက်လည်း လိုအပ်သည့် ထိန်းသိမ်းကြပ်မတ်မှုများရှိနေရန်လိုကြောင်း၊ လမ်းကြောင်းတစ်လျှောက် လမ်းများကောင်းမွန်စေရေးနှင့် သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက်လည်း စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ဖြစ်ရန်လိုပြီး လမ်းတစ်လျှောက်၌ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ စနစ်တကျ ဖောက်လုပ်ထားရှိရန်နှင့်လမ်းကြောင်းတစ်လျှောက်စိမ်းလန်းစိုပြည်စေရေး သစ်ပင်စိုက်ပျိုးခြင်းကိုလည်း မဖြစ်မနေ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ **လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ သတ်မှတ်အချိန်ကာလအတွင်း ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊** သို့ဖြစ်၍ **စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအောင်မြင်ပြီးစီးစေရေးအလေးထား၍ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။**

နယ်စပ်ဂိတ်များနှင့်ပတ်သက်၍ နယ်စပ်ဆိုင်ရာ **စီမံခန့်ခွဲရေးသည် သက်ဆိုင်ရာ နှစ်နိုင်ငံအစိုးရများကသာ အဓိကတာဝန်ယူကြပ်မတ်ကွပ်ကဲစီမံဆောင်ရွက်သွားကြရမည်ဖြစ်ပြီး မည်သည့်အဖွဲ့အစည်း၊ မည်သည့်အခြားနိုင်ငံကမျှ ဝင်ရောက်စွက်ဖက်၍မရကြောင်း၊** နယ်စပ်ဂိတ်များဖွင့်လှစ်ရာတွင် ဝန်ထမ်းအိမ်ရာနှင့် ဆက်သွယ်ရေးစနစ်များ၊ ရေ၊ မီးနှင့် လုံခြုံရေး စသည်တို့ကိုလည်း စနစ်တကျ ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ယနေ့ဆွေးနွေးမှုများတွင် ပါဝင်သည့် အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံအဝေးပြေး လမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်းဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းများမှာ ယခုအခါ လုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်လျက်ရှိပြီး ယခုထက်ပိုမိုအရှိန်အဟုန်ဖြင့် တိုးတက်ပြီးစီးစေရေး ဆက်လက်ပိုင်းဝန်း ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ပဲခူး၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ ထိုင်းနယ်စပ်အမြန်လမ်းမကြီးကိုလည်း လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး စီမံသွားရန်လိုကြောင်း။

ရပ်ဝန်းနှင့်ပိုးလမ်းမကြီးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ (China Myanmar Economic Corridor–CMEC) နှင့် ဆက်စပ်လျက်ရှိသည့် မဟာဗျူဟာအရ အရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများသည်လည်း ရပ်တန့်လျက်ရှိသဖြင့် အမြန်ဆုံးပြန်လည် စတင်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီးများတွင်ပါဝင်သည့် မဟာဗျူဟာအရအရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများအား မိမိတို့အစိုးရ တာဝန်ယူထားရသည့် ကာလအတွင်း ရာနှုန်းပြည့် ပြီးစီးမှုရှိစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

PPIB News

# တောင်သူလယ်သမားများ ရင်ဆိုင်နေရသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင် (I–6) ရှိ တောင်သူလယ်သမားရေးရာ ကော်မတီဝင်များကို သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌဦးမြတ်ကျော်က ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်၏ နေ့စဉ်လုပ်ငန်းစဉ်များအား အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစား ဆောင်ရွက်ပေးနေပါကြောင်း၊ မိမိတို့၏လွှတ်တော်သက်တမ်း ငါးနှစ်အတွင်း လွှတ်တော်ကို ဂုဏ်သိက္ခာမြင့်မားသည့် လွှတ်တော်ဖြစ်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်တစ်ဦးချင်း၏ စွမ်းဆောင်ရည်မြင့်မားမှသာ လွှတ်တော်၏ အခန်းကဏ္ဍမြင့်မားလာမည်ဖြစ်၍ ကိုယ်စားလှယ်များ၏ အရည်အချင်းမြှင့်တင်နိုင်ရေးအတွက် ဥပဒေဆိုင်ရာသင်တန်းများ၊ ဆွေးနွေးဟောပြောပွဲများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နောင်တွင်လည်း ကိုယ်စားလှယ်များအတွက် အထောက်အကူ ဖြစ်စေမည့် သင်တန်းများ ဆက်လက်ပြုလုပ်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အခန်းကဏ္ဍမြင့်မား တိုးတက်ရေးကို ကော်မတီက ထူးခြားသည့် ခြေလှမ်းများဖြင့် အားဖြည့်ဆောင်ရွက်သွားစေလိုပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများအပေါ် လေ့လာသုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်ရမည့် ကိစ္စရပ်များကို ခေတ်နှင့်လျော်ညီအောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ယင်းအပြင် လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများအပေါ် သုံးသပ်ပြီး အသစ်ပြဋ္ဌာန်းပေးရန်လိုအပ်မည့် ဥပဒေများကို ပြဋ္ဌာန်းပေးရမည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမား အကျိုးစီးပွားနှင့် ပတ်သက်၍လည်း လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်လုံလောက်မှု မရှိပါက လိုအပ်သည့် ဥပဒေအသစ်များ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူကိုကိုယ်စားပြုသူများ ဖြစ်သဖြင့် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အသံများကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်ရုံးများဖွင့်လှစ်ခြင်း၊ လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းဖြင့် ဆောင်ရွက် ပေးရပါကြောင်း၊ တောင်သူ လယ်သမားများသည် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့်အပြင် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံလည်းဖြစ်၍ တောင်သူ လယ်သမားရေးရာ ကော်မတီသည် အရေးကြီးသည့် ကော်မတီတစ်ရပ်ဖြစ်ပါကြောင်း၊ ကော်မတီ၏လုပ်ငန်း တာဝန်များနှင့် ပတ်သက်၍လည်း လက်ရှိအခြေအနေများနှင့် ကိုက်ညီအောင် ပြင်ဆင် ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ကော်မတီအနေဖြင့် ယနေ့ တောင်သူလယ်သမားများ အမှန်တကယ် ကြုံတွေ့နေရသည့် သွင်းအားစုဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးချေးငွေများ အချိန်မီရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ ထိုက်သင့်သည့် စပါးဈေးနှုန်းရရှိရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်လေ့လာပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့်လည်း တောင်သူလယ်သမားများနှင့်သက်ဆိုင်သည့် “လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှ ထွက်ရှိသော ထွက်ကုန်သီးနှံဈေးနှုန်း ထိန်းညှိရေး ကော်မရှင်” တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးရန် အဆိုအား တင်သွင်းပြီး အတည်ပြုပေးခဲ့ပါကြောင်း၊ တောင်သူလယ်သမားများ ရင်ဆိုင်နေရသည့် လယ်ယာမြေ ပြဿနာများ၊ လယ်ယာလုပ်သားရှားပါးမှုပြဿနာများ၊ ရာသီဥတုဖောက်ပြန်မှုများ၊ သဘာဝဘေး အန္တရာယ်များ၊ ကြွေးမြီသံသရာဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေး အသေးစိတ် လေ့လာသုံးသပ် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအရေးအတွက် နိုင်ငံတော်အစိုးရကလည်း အထူးအလေးထား ဆောင်ရွက်နေသည်ဖြစ်၍ မိမိတို့က ပူးပေါင်းကူညီဆောင်ရွက်သွားရန် လိုပါကြောင်း၊ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများနှင့် သက်ဆိုင်သည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း လုပ်ငန်းစဉ်များကို စိစစ်သုံးသပ်၍ အရှေ့တစ်ခုသို့ ရောက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ တောင်သူ လယ်သမားများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တွေ့ဆုံခြင်း၊ အခြားသော အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ NGO၊ INGO များနှင့် တွေ့ဆုံခြင်းတို့မှ ရရှိလာသည့် အချက်အလက်များအပေါ် မူတည်၍ လွှတ်တော်တွင် လယ်သမားများ အကျိုးရှေးရှုသည့် မေးခွန်းများ၊ အဆိုများတင်သွင်း ဆောင်ရွက်နိုင်သည်အထိ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကော်မတီအနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွား ကာကွယ်ရေးဥပဒေများ စိစစ်ရာတွင် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ အပြည့်အဝ ခံစားရရှိစေရန် အတွက်သွင်းအားစုများ ဈေးနှုန်းချိုသာစွာရရှိရေး၊ သီးနှံဈေးနှုန်း တည်ငြိမ်ရေး၊ သီးနှံသိုလှောင်ရေးစနစ်နှင့် ဈေးကွက်ရရှိရေး၊ လယ်ယာ နည်းပညာသင်တန်းများနှင့် ရာသီဥတုအလိုက် စိုက်ပျိုးရေး အကြံပြုဝန်ဆောင်မှုပေးခြင်း စသည့်ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိစေရေး လေ့လာဆန်းစစ် ဆောင်ရွက်ကြစေလိုပါကြောင်း၊ လိုအပ်ပါက Contract Farming Law၊ Crop Insurance Law ၊ Agricultural Extended Service Law ၊ Agricultural Marketing Law များနှင့် ပတ်သက်၍ ဥပဒေတစ်ခုချင်းစီကို သော်လည်းကောင်း၊ အားလုံးကို လွှမ်းခြုံနိုင်သော တောင်သူလယ်သမား အကျိုးစီးပွားကို ကာကွယ်နိုင်မည့် ဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေး ကြိုးစားဆောင်ရွက်ပေးခြင်းဖြင့် တိုင်းပြည်အတွက် အရေးပါသည့် တောင်သူလယ်သမားများ အားကိုးအားထားပြုရသော လွှတ်တော်တစ်ရပ်ဖြစ်လာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။



တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ကော်မတီ အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။ **သတင်းစဉ်**

❑*ရှေ့ဖုံးမှ*

လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နှစ်ဦးစလုံး ကျန်းမာရေးအခြေအနေ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ပြည်သူ့ဆေးရုံကြီးများတွင် အသည်းအစားထိုးခွဲစိတ်မှု အောင်မြင်စွာပြန်လည်ဆောင်ရွက်နိုင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ပါမောက္ခ/ဌာနကြီးမှူး (ဆေးလက်တွေ့) ပါမောက္ခဒေါက်တာမင်းဇော်ဦး ဦးဆောင်သောအဖွဲ့၊ ပါမောက္ခဒေါက်တာ စိုင်းအောင်ညွှန့်ဦး ဦးဆောင်သော အသည်းခွဲစိတ်ကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ ဝင်းဝင်းဆွေ ဦးဆောင်သော အသည်းဆေးကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ အငြိမ်းစား ပါမောက္ခကြီးများဖြစ်သော ပါမောက္ခဒေါက်တာကြည်ကြည်စန်း၊ ပါမောက္ခဒေါက်တာ မူမူနိုင်နှင့် ပါမောက္ခ/ ဌာနမှူး(မေ့ဆေး) ပါမောက္ခဒေါက်တာဖုန်းမြင့် ဦးဆောင်သော မေ့ဆေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ခွဲစိတ်ခွဲ) ပါမောက္ခဒေါက်တာစောဝတ်မှုန် ဦးဆောင်သော ရောဂါ ရှာဖွေရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာအောင်ချိုထွန်း ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားသွေးဌာန ပါမောက္ခဒေါက်တာ ဆွေဇင်မြင့် ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး (ခုတင်–၅၀၀)၊ ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာ အိသန္တာထွေးနှင့် စီမံခန့်ခွဲမှုအဖွဲ့များ၊ သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများ အားလုံးပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ Seoul National University Hospital မှ Professor Kwang Woong Lee ကလည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုများကို ၂၀၀၄ ခုနှစ်မှစတင်၍ ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ နှစ်တွဲ၊ အထူးကုဆေးရုံကြီး(ခုတင်–၅၀၀) ရန်ကုန်မြို့၌ ယခုဆောင်ရွက်သည့် ခွဲစိတ်ကုသမှုအပါအဝင် ၃၈ တွဲ စုစုပေါင်း ၄၀ ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ယခုကဲ့သို့ ပြည်သူများ လိုအပ်သောခေတ်မီကုသမှုများကို ပြည်တွင်း၌ပင် လက်လှမ်းမီရရှိကာ ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ကျန်းမာရေးအသုံးစရိတ် သက်သာစေရေးအတွက် အသည်းအစားထိုး ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❏ *ကျောဖုံးမှ*

အစည်းအဝေး ကျင်းပသည့် ရည်ရွယ်ချက်မှာ ပြီးခဲ့သည့် (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးမှ ထွက်ပေါ်လာသည့် ဆွေးနွေးတင်ပြချက်များ၊ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေများကို သိရှိသုံးသပ်နိုင်ရန်နှင့် မိမိတို့တာဝန်ယူနေသည့် အစိုးရကာလအတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို အခြားနိုင်ငံများနည်းတူ ထိထိရောက်ရောက် ပြန်လည်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် လုပ်ငန်းစဉ်များကို ဆွေးနွေးဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ထူးခြားသည့်ယဉ်ကျေးမှု၊ သဘာဝအလှအပများ၊ သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ပင်လယ်ကမ်းခြေ၊ ကမ်းရိုးတန်းဒေသများ၊ မတူကွဲပြားသည့် တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးစံများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်စေသည့် ခရီးသွားအရင်းအမြစ်များစွာ ရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများ အနေဖြင့် မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခရီးသွားအရင်းအမြစ်များအပေါ် မူတည်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization–DMO) များသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ခရီးစဉ်ဒေသများအလိုက် DMO အဖွဲ့များကို ခိုင်ခိုင်မာမာ ဖွဲ့စည်း ဆောင်ရွက်ကြရန်နှင့် လိုအပ်သည့် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပါသည့် လေကြောင်းသယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရန်အတွက် ခရီးစဉ်ဒေသအချို့ကို လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲနိုင်ရေးနှင့် လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံကို ပြည်ပခရီးသွားများ လာရောက်လည်ပတ်ကြသည့်အခါတွင် လွယ်ကူချောမွေ့စေရေး ဖြေလျှော့ပေးရန်အတွက် ဗီဇာကိစ္စဖြေလျှော့ပေးသင့်သည်များ ဖြေလျှော့ပေးရေး၊ လုံခြုံစိတ်ချစွာ ခရီးသွားလာရေးကိစ္စ၊ အာမခံဝယ်ယူရေးကိစ္စနှင့် ငွေကြေးသုံးစွဲမှု လုပ်ငန်းစဉ်များတွင် အဆင်ပြေအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း၊ ရှိရင်းစွဲ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့် လမ်းညွှန်ချက်များကို ကျော်လွန်ဆောင်ရွက်ရန် မဟုတ်ဘဲ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင်ပြေချောမွေ့အောင် လိုအပ်သည်များကို မိမိတို့တတ်နိုင်သည့်ဘက်မှ သုံးသပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့၏ ခရီးစဉ်ဒေသအလိုက် ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသနိုင်သည့် နေရာဒေသများ၊ ထင်ရှားသည့် (၁၂) လ ရာသီပွဲတော်များ၊ တိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲနှင့် ရိုးရာဓလေ့ပွဲများ၊ ခရီးသွားများစိတ်ဝင်စားမှုရှိသည့် ခရီးစဉ်များကို စနစ်တကျ ခွဲခြားဖော်ထုတ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထို့ပြင် လိုအပ်သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်မြှင့်တင်ရေး၊ ခရီးစဉ်ဒေသအလိုက် ဝန်ဆောင်မှု အဆင့်အတန်းမြင့်မားတိုးတက်စေရေးများကို စီမံခန့်ခွဲနိုင်သည့် ယန္တရားတစ်ရပ် ဖော်ဆောင်ရေးနှင့် ဦးစားပေးခရီးစဉ်ဒေသများ သတ်မှတ်ဖော်ဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံကို ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ခရီးစဉ်ဒေသတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ထိရောက်သည့် ဈေးကွက်ရှာဖွေမြှင့်တင်ခြင်းကို စနစ်တကျ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာက ခရီးသွားများအကြား မြန်မာနိုင်ငံ၏ ပကတိ အခြေအနေမှန်ကို ပိုမိုသိရှိလာစေရေး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် လုပ်ငန်းရှင်များအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တင်ပြလိုသည်များကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးသွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆောင်ရွက်ဆဲ ကိစ္စရပ်များနှင့် ဗဟိုကော်မတီသို့ တင်သွင်းလာသည့် အမှာစာများကို ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ဧပြီ ၂၀ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။



ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ် စောစ္စေဝ၊ စစ်ဦးစီး အရာရှိချုပ် စောဆန်းအောင်၊ စစ်ရေးချုပ် စောစိန်ဝင်း၊ အမှတ်(၁)ကွပ်ကဲရေးမှူး စောထူးအောင်၊ နည်းဗျူဟာမှူး စောအောင်ထူး၊ စီးပွားရေးတာဝန်ခံ စောနေဘလု၊ ကုန်သွယ်ရေးဒုတိယဌာနမှူး စောမြင့်ဦးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့် ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို နောင်မျိုးဆက်သစ်များအတွက် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများနှင့် DKBA အနေဖြင့်လည်း ပတ်သက်မှု မရှိစေချင်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတမှ ဦးစားပေးလုပ်ဆောင်လျက်ရှိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်းနှင့် ဒေသတည်ငြိမ်ရေးအတွက် အစိုးရ၊ တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်မည့် အခြေအနေများအား ပြောကြားသည်။

ယင်းနောက် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ် စောစ္စေဝက နယ်မြေတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အား နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ ပဋိပက္ခကာလများတွင်လည်း ဘက်မလိုက်ဘဲ ကြားနေ၍ သဟဇာတဖြစ်အောင် တည်ဆောက်ခဲ့ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ကြာရှည်မှုနှင့် ပြည်သူများ ခံစားရမှု အခြေအနေများအား နည်းလမ်းများ ရှာဖွေရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အတူတကွ ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ DKBA အဖွဲ့အား တည်ထောင်ခဲ့သည့် ယခင်ခေါင်းဆောင်ကြီးများ၏ လမ်းစဉ်အတိုင်း ဆက်လက်လျှောက်လှမ်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက နယ်မြေဒေသ တည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူတကွ လက်တွဲဖော်ဆောင်ရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ အကြမ်းဖက်အဖွဲ့များ နယ်မြေအတွင်း မရှိစေရေး၊ ဆုံဆည်းမြို့၊ ဝေါလေ၊ ကျောက်ခတ်ဒေသရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းအဆင့်မြှင့်နိုင်ရေး၊ ပြဋ္ဌာန်းစာအုပ်များ ထောက်ပံ့ပေးရေး၊ ကျောင်းဆရာ ဆရာမများ ဖြည့်ဆည်းနိုင်ရေး၊ ကျေးရွာများတွင် ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ ဖြစ်ပွားနေသဖြင့် ကာကွယ်ဆေး၊ ကုသဆေးဝါးများ ထောက်ပံ့ပေးရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးတို့အား ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က DKBA အဖွဲ့များ၏ နယ်မြေများမှ အဓိကနယ်မြေများဖြစ်သော ဝေါလေ၊ ကျောက်ခတ်၊ ဘုရားသုံးဆူတို့တွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ကင်းစင်ရေး၊ တပ်မတော်၊ နယ်မြေခံတပ်များ၊ တိုင်းစစ်ဌာနချုပ်၊ ဒေသအစိုးရအဖွဲ့များနှင့် လက်တွဲပူးပေါင်း တိုက်ဖျက်နိုင်ရေး၊ လက်ရှိကရင်ပြည်နယ်အတွင်း ထိတွေ့တိုက်ပွဲများအရ မြေပြင်လုံခြုံရေး အခြေအနေများ၊ စစ်ဆင်ရေး အခြေအနေများနှင့်ပတ်သက်၍ DKBA အဖွဲ့အနေဖြင့် တပ်မတော်၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နှင့် ဆက်သွယ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေး၊ ဒေသတည်ငြိမ်ရေး၊ အေးချမ်းရေးအတွက် တိုက်ပွဲများ လျှော့ချရပ်တန့်စေမှုမှတစ်ဆင့် ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အလေးထားလုပ်ဆောင်ရေး၊ နှစ်ဖက်အလွတ်သဘော ဆွေးနွေးမှုများမှ တွေ့ဆုံဆွေးနွေးရေးနှင့် ငြိမ်းချမ်းရေးကို ဦးတည်သော ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများမှ ပိုမိုထိရောက်သော၊ ရိုးသားပွင့်လင်းသော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် အကောင်အထည်ဖော်နိုင်ရေးတို့အား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ဦးစီးအရာရှိချုပ် စောဆန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

## အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၉**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၃ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၇၅ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့ထားသော အွန်လိုင်းလိမ်လည်မှုဆိုင်ရာတိုက်ဖျက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့၍ ပြည်သူ့လွှတ်တော်တွင်ပေးပို့ခဲ့ရာ ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကို ဆွေးနွေးပြီး လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် ဥပဒေကြမ်းအဖြစ် ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည် **အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန် ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဘားအံ မဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး**က အာဆီယံအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ် ဖော်ပြချက်များနှင့်ဆက်စပ်၍ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေမှုများသည် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းပြည့်ဝနေသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ချက်ကို ချိုးဖောက်နေသကဲ့သို့ အာဆီယံအဖွဲ့ကြီး၏ ပဋိညာဉ်ပါ အခြေခံမူများ၊ ရည်ရွယ်ချက်များကို ချိုးဖောက်၊ ကျော်လွန်လုပ်ဆောင်နေပါကြောင်း၊ အခြေခံမူဆိုသည်မှာ အဖွဲ့အစည်းတစ်ခု၏ အသက်သွေးကြောပင် ဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင် ချမှတ်ထားသည့် ထိုအခြေခံမူများကို မိမိတို့ကိုယ်တိုင် ပြန်လည်ချိုးဖောက်နေသည်ကို အာဆီယံတာဝန်ရှိသူများအားလုံးက သတိပြုကြရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှု အခြေအနေများကို အာဆီယံနိုင်ငံများ၊ အာဆီယံခေါင်းဆောင်များ ပိုမိုသိရှိ နားလည်သဘောပေါက်နိုင်စေရန်အတွက် အထူးအလေးထား၍ ထိမိသေချာစွာ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သင့်ပါကြောင်း၊ အာဆီယံနိုင်ငံအချို့အနေဖြင့် မြန်မာနိုင်ငံအား ခွဲခြားဆက်ဆံမှု ဆက်လက်လုပ်ဆောင်နေပါက မြန်မာတို့၏ အမျိုးသားရေးဂုဏ်သိက္ခာအရ အာဆီယံအဖွဲ့မှ နုတ်ထွက်ရန် လိုအပ်ခြင်းရှိ၊ မရှိ ထည့်သွင်းစဉ်းစားကြရန်ဖြစ်ပါကြောင်းအဆိုအား ထောက်ခံဆွေးနွေးသည်။

**ပြည် မဲဆန္ဒနယ်မှ ဦးမျိုး (ခ) ဦးမျိုးအောင်**က အာဆီယံ၏ ပဋိညာဉ်ပါအခြေခံမူများသည် အာဆီယံကို နှစ်ပေါင်းများစွာ စည်းလုံးညီညွတ်စွာ ရပ်တည်စေခဲ့သည့် အခြေခံ အုတ်မြစ်များဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံတိုင်း တန်းတူရည်တူ ရပ်တည်နိုင်ရေး အာမခံပေးထားသောမူများလည်း ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် အခြေခံမူများကို ဖောက်ဖျက်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ဖိအားပေးခြင်းနှင့် တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ တန်းတူရည်တူအခွင့်အရေးများရရှိသင့်သည့်အပြင် အာဆီယံအဖွဲ့အစည်းအတွင်း မိမိတို့၏ အသံကိုလည်း အပြည့်အဝ ဖော်ထုတ်ခွင့်ရရှိသင့်ပါကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန် အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွင်း မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်းသည် မည်သည့်အစိုးရမဆို အလေးထားဆောင်ရွက်ရမည့် တာဝန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံပဋိညာဉ်ကို ကိုယ်တိုင်ချိုးဖောက်နေသည်ဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံ၏ ကူညီစောင့်ရှောက်မှုအပေါ်တွင် များစွာအသိအမှတ်ပြုပါကြောင်း၊ သို့သော် အာဆီယံ၏ ရပ်တည်ချက်များသည် ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းရန် ခက်ခဲလာသည်ဟု တင်ပြလိုပါကြောင်း၊ အာဆီယံ၏မူဝါဒကို အာဆီယံကိုယ်တိုင် မထိန်းသိမ်းနိုင်ခြင်းသည် ကြီးမားသော ယုံကြည်မှု ဆုံးရှုံးရခြင်းဖြစ်ပါကြောင်း၊ ယုံကြည်မှု ဆုံးရှုံးရသည့် အဖွဲ့အစည်းသည် ကြီးမားသောအဖွဲ့အစည်းဖြစ်ပါစေ မိမိ၏သြဇာကို ရေရှည်ထိန်းသိမ်းနိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်သင့်၊ မသင့်အထိ အလေးအနက် စဉ်းစားရမည့်အချိန်ကို ရောက်နေပြီဖြစ်ပါကြောင်း၊ သံတမန်ရေးနှင့် နိုင်ငံခြားရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ မိမိနိုင်ငံနှင့်ကိုက်ညီသော မြန်မာနိုင်ငံဦးဆောင်သော မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့်သာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးအကျိုးစီးပွားများကို ဆက်လက်ကာကွယ်စောင့်ရှောက်ရန်သာဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး**က အာဆီယံသည် မိမိတို့မြန်မာနိုင်ငံ၏ ဖြစ်ရပ်မှန်များကို အခြေခံကျကျမသိဘဲ သွေးထိုးလှုံ့ဆော်မှု သတင်းစကားများကို ကြားသိနားယောင်၍ လက်ရှိအခြေအနေနှင့် သွေဖည်ဆန့်ကျင်သည့် အာဆီယံ ပဋိညာဉ်စာချုပ်ကို ဖောက်ဖျက်ထုတ်ပြန်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အာဆီယံအဖွဲ့၏ မူလရည်ရွယ်ချက်သည် အလွန်ကောင်းပါကြောင်း၊ ဒေသတွင်းနိုင်ငံများအချင်းချင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများစသည့် ကောင်းမွန်သည့် အချက်များကို ထိန်းသိမ်းဖော်ဆောင်ခဲ့သည့်အတွက် ကမ္ဘာက စောင့်ကြည့်ရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး မငြိမ်သက်မှုကြောင့် အစဉ်အလာကောင်းခဲ့သည့် အာဆီယံသည် ပဋိညာဉ်ပါအချက်များကို မျက်ကွယ်ပြုခဲ့ပါကြောင်း။

ထို့ကြောင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံနိုင်ငံအားလုံး၏ သဘောထားမဟုတ်ဘဲ နိုင်ငံတချို့၏ သဘောထားဟု မှတ်ယူ၍ရပါကြောင်း၊ ယခုအချိန်တွင် အစိုးရသစ်၊ လွှတ်တော်အသစ်ပေါ်ပေါက်ပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံကောင်းကျိုးများကို ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အာဆီယံကို ဖြစ်ရပ်မှန်များ ဖြေရှင်းဆွေးနွေးခြင်းနှင့် မိတ်မပျက်ဆက်ဆံရန်အတွက် တိကျပြတ်သားသည့် အစီအမံများနှင့် ထုတ်ပြန်အသိပေးသင့်ပါကြောင်း၊ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် အချက်များကို သုံးသပ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်**က အာဆီယံသည် မြန်မာနိုင်ငံ၏ ရေရှည်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားပါက အပြန်အလှန်လေးစားမှု၊ အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုနှင့် အာဆီယံ၏ သဘောတူညီထားသော မူဘောင်များအပေါ်တွင်သာ အခြေခံ၍ ပြုမူဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သဘောထားများကို ထုတ်ဖော်ပြောဆိုရာတွင် အခြေအနေအရပ်ရပ်ကို မျှမျှတတသုံးသပ်ပြီး အဖွဲ့ဝင်နိုင်ငံများအားလုံး၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို အလေးထား ဆောင်ရွက်သင့်ပါကြောင်း၊ အာဆီယံ၏ သဘောထားတည်ငြိမ်မှုများကို အဖွဲ့ဝင်နိုင်ငံအားလုံးက မျှမျှတတနှင့် ဘက်မလိုက်ဘဲ အကောင်အထည်ဖော်နိုင်မှသာ ရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲလိုလားသော နိုင်ငံဖြစ်သကဲ့သို့ အခြားအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကိုလည်း လေးစားပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံနှင့်ဆက်ဆံရာတွင် ဆွေးနွေးညှိနှိုင်းရေးကို အလေးထား၍ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိပကတိ နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့် အာဆီယံ ထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံအခြေခံမူများနှင့် ကွဲလွဲနေပါသဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ အမျိုးသား အကျိုးစီးပွားနှင့် ပြည်သူလူထု၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်၍ သံတမန်ရေးနည်းလမ်းများဖြင့် လိုအပ်သလို ဆောင်ရွက်နိုင်ရန် ထောက်ခံဆွေးနွေးသည်။

**ပုဗ္ဗသီရိ မဲဆန္ဒနယ်မှ ဦးလှဆွေ**က အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် သဘောတူစာချုပ် (Treaty) မဟုတ်ဘဲ နိုင်ငံရေးအရေးအရာတွင်လည်း (Political Understanding/ Commitment) သာဖြစ်ပြီး မည်သည့် နိုင်ငံကမှ အတည်ပြုချက် (Rati-fication) မလုပ်ခဲ့သလို နိုင်ငံရေးအရ တိုက်တွန်းချက် (Hortatory Language) မျှသာဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကို မလိုက်နာပါက အစည်းအဝေး မတက်ရဆိုသည့် ကန့်သတ်ချက်လုံးဝပါဝင်ခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ပဋိညာဉ်တွင် မပါဝင်သည့်အချက်ကို ဖိလစ်ပိုင်အနေဖြင့် ဖန်တီးထည့်သွင်း၍မရသည်ကို ထောက်ပြလိုပါကြောင်း။

နိုင်ငံအချင်းချင်းဆက်ဆံရေးမရှိပါက မိတ်ဖက်ယန္တရား လေဟာပြင် (Counterpart Vacuum) ဖြစ်ပေါ်ပြီး နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ သဘာဝဘေး ပူးပေါင်းတုံ့ပြန်ရေးများ၊ လူသားချင်းစာနာမှုဆောင်ရွက်ရေးများကို အဟန့်အတား ဖြစ်စေပါကြောင်း၊ ကာလရှည်ကြာ ဖယ်ကြဉ်ထားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးသည် ပြင်ပအင်အားကြီးနိုင်ငံများက မြန်မာ့အရေးကိုဖိတ်ခေါ်ပြီး ဒေသတွင်းကို အာဏာလွှမ်းမိုးမှု ပြုလုပ်နိုင်သည်ကို သတိပြုသင့်ပါကြောင်း၊ ကမ္ဘာကြီး Multipolarity စနစ်ကို ကူးပြောင်းနေချိန်တွင် ဘက်စုံဖွံ့ဖြိုးမှု အလားအလာကောင်းနေသည့် အာဆီယံအဖွဲ့သည် ပို၍စည်းလုံးရမည်ဖြစ်သော်လည်း အခြေခံမူကိုမျက်ကွယ်ပြုပြီး ကန့်သတ်ချုပ်ချယ်မှုများ ဆောင်ရွက်နေသည်ကို စိတ်မကောင်းစွာတွေ့ရပါကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားသိက္ခာ (National Point of Honour) ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် မှန်ကန်စွာရပ်တည်ခဲ့သည့်အတွက် နုတ်ထွက်စရာမလိုဘဲ အစည်းအဝေးပြီးမှ Statement ထုတ်သည့်အတွက် ဖိလစ်ပိုင်ကသာ ပဋိညာဉ်ကို ချိုးဖောက်သောကြောင့် ၎င်းသာ အာဆီယံက နုတ်ထွက်သင့်ပါကြောင်း ဆွေးနွေးသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က ယခုအဆိုသည် အာဆီယံကို စိန်ခေါ်ခြင်းမဟုတ်ဘဲ အာဆီယံပဋိညာဉ် (ASEAN Charter)၊ နိုင်ငံတကာ စာချုပ်ဥပဒေနှင့် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေတို့အပေါ် အခြေခံ၍ မိမိတို့၏ တရားဝင်ရပ်တည်ခွင့်ကို ပြန်လည်အသက်သွင်းရန် တောင်းဆိုခြင်းသာ ဖြစ်ပါကြောင်း၊ အာဆီယံ ထုတ်ပြန်ချက် ၅ ရပ်ကို ၂၀၂၁ ခုနှစ် ဧပြီလတွင် ချမှတ်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က မြန်မာနိုင်ငံသည် နိုင်ငံရေးအကျပ်အတည်းကို ရင်ဆိုင်နေရဆဲကာလ ဖြစ်ပါကြောင်း၊ ယင်းသဘောတူညီချက်သည် အကျပ်အတည်းကို ဖြေရှင်းရန် ရည်ရွယ်သော ယာယီမူဘောင်တစ်ရပ်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၂၁ ခုနှစ် အကျပ်အတည်း ကာလအတွက် ရည်ရွယ်ချက်ဖြင့် ရေးဆွဲခဲ့သောမူဘောင်ကို ယနေ့အချိန်တွင် ဆက်လက် စည်းနှောင်ရန် ဥပဒေရေးရာအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ လုံလောက်သော အကြောင်းပြချက် မရှိတော့ပါကြောင်း၊ အဆိုပါမူဘောင်ကို လက်ရှိမြေပြင် အခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်သုံးသပ် ပြင်ဆင်ခြင်း သို့မဟုတ် အသစ်ပြုပြင်ထားသော မူဘောင်တစ်ရပ်ဖြင့် အစားထိုးခြင်းသည် ယခုအခါ တရားဝင်တောင်းဆိုခွင့်ရှိသော အချက်ဖြစ်လာပါကြောင်း၊

ဤအဆိုသည် အာဆီယံနှင့် ထိပ်တိုက်ရင်ဆိုင်ရန် သို့မဟုတ် အာဆီယံမှ ခွဲထွက်ရန် ရည်ရွယ်ခြင်းမဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာ ဆက်ဆံရေးတွင် မိတ်ဝတ်မပျက်၊ သံတမန်ကျင့်ဝတ်ကို လေးစားလိုက်နာပါကြောင်း၊ အာဆီယံ မိသားစုအတွင်း မိမိတို့၏ ရပ်တည်မှုကို ယခုအချိန်တွင် ပြန်လည်သတ်မှတ်ရမည့်အချိန် ကျရောက်လာပြီဖြစ်ပါကြောင်း၊ အာဆီယံသဘောတူညီချက် (၅) ရပ်သည် မြန်မာနိုင်ငံကို အကန့်အသတ်မဲ့ ချုပ်နှောင်ရန် ရည်ရွယ်သည့် ကိရိယာမဟုတ်ဘဲ ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်ထားခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ငြိမ်းချမ်းရေးအတွက် သင့်လျော်သော လမ်းကြောင်းသစ်ကို မိမိတို့ကိုယ်တိုင် ဖန်တီးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အရေးကြီးသော အဆိုအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးကြစေလိုကြောင်း ထောက်ခံဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးအောင်သီဟ** က အာဆီယံအနေဖြင့် အချုပ်အခြာအာဏာပိုင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ထုတ်ပြန်ချက်တစ်ရပ်အပေါ် အခြေခံ၍ ဝင်ရောက်စွက်ဖက်ခြင်း၊ လိုက်နာစေရန် နိုင်ငံရေးအရ ဖိအားပေးခြင်းတို့သည် အာဆီယံ၏ အခြေခံမူများနှင့် ကိုက်ညီမှုရှိ၊ မရှိ ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ ထုတ်ပြန်ချက်နှင့် အာဆီယံအခြေခံမူများအကြား ကွဲလွဲမှုရှိသည်ဟု ယူဆပါက အာဆီယံ၏ အငြင်းပွားမှုဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများ (ASEAN Dispute Settlement Mechanisms) အတိုင်း ဆွေးနွေးညှိနှိုင်း၍ ဖြေရှင်းသင့်ပါကြောင်း၊

အာဆီယံအနေဖြင့် ဖိအားပေးမှုထက် အပြန်အလှန်လေးစားမှု၊ တန်းတူရည်တူ ဆက်ဆံမှုနှင့် ဆွေးနွေးညှိနှိုင်းမှုတို့ကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ အာဆီယံအနေဖြင့် ဖိအားပေးသည့် ရပ်တည်ချက်များကိုသာ ဆက်လက်ကိုင်စွဲနေပါက မြန်မာနိုင်ငံ၏ ပကတိအရှိတရားများနှင့် ကင်းကွာသွားနိုင်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံအဖွဲ့အတွင်း ယုံကြည်မှုတို့ကိုပါ ထိခိုက်စေနိုင်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေ၊ လုံခြုံရေးအခြေအနေ၊ တည်ဆဲဥပဒေများနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့် ကိုက်ညီမှု ရှိ၊ မရှိ ကို ပြန်လည်သုံးသပ်ရန် အချိန်အခါသင့်ပြီဖြစ်ပါကြောင်း၊

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်အတွင်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး ထောက်ခံတင်ပြခဲ့သော အချက်များ၊ မြန်မာနိုင်ငံ၏ တရားဝင်ရပ်တည်ချက်များနှင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်အပေါ် သုံးသပ်ချက်များကို လွှတ်တော်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုစည်းပြုစု၍ အာဆီယံပါလီမန်များအဖွဲ့ (ASEAN Inter–Parliamentary Assembly–AIPA)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများထံ သံတမန် နည်းလမ်းဖြင့် ပေးပို့ရှင်းလင်းဆောင်ရွက်သင့်ပါကြောင်း၊ သို့ပါ၍ ယခုအဆိုသည် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တန်းတူရည်တူအခွင့်အရေးကို ကာကွယ်ရန် ရည်ရွယ်သည့် အဆိုဖြစ်သည့်အပြင် အချိန်အခါသင့်၊ အကြောင်းအရာသင့်၊ နိုင်ငံတော်အကျိုးနှင့် ကိုက်ညီသောအဆို တစ်ရပ်ဖြစ်ပါသောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ချောင်းဆုံ မဲဆန္ဒနယ်မှ ဦးစိုးသူ**က အာဆီယံက ၂၀၂၁ ခုနှစ် ဧပြီ ၂၄ ရက်မှစတင်၍ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ပြုလုပ်သည့် မြန်မာအရေးဆိုင်ရာ ASEAN ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အာဆီယံဥက္ကဋ္ဌ၏ ကြေညာချက် (Asean Five Point Statement) ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအပေါ် အာဆီယံ ထုတ်ပြန်ချက် (၅) ရပ်အနက် ပထမအချက်ဖြစ်သော အကြမ်းဖက်မှု ချက်ချင်းရပ်တန့်စေရန်ဆိုသော အချက်သည် အာဆီယံအခြေခံမူဖြစ်သော ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေးမူကို လျစ်လျူထားသည်ကို တွေ့ရှိရပါကြောင်း၊ လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ပြီး နိုင်ငံတော်အကြီးအကဲ၊ EAO/နိုင်ငံရေး ပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်တွေ့ဆုံခဲ့သော်လည်း မြန်မာနိုင်ငံ ဖြစ်တည်မှုအခြေအနေမှန်ကို သုံးသပ်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ အာဆီယံအစည်းအဝေးများတွင်လည်း မြန်မာနိုင်ငံကိုယ်စားလှယ်များ တက်ရောက်ခွင့်မရှိခြင်းသည် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံနေရသည်ကို တွေ့ရှိရပါကြောင်း၊

မြန်မာနိုင်ငံသည်ယနေ့ထက်တိုင် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အဖွဲ့ဝင်တိုင်းရရှိသည့် အခွင့်အရေးတို့ကို ရရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံသည် မြန်မာနိုင်ငံနှင့် ပတ်သက်သော သဘောတူညီချက်များကို လက်ရှိ မြန်မာနိုင်ငံရေး အခင်းအကျင်းပကတိ အနေအထားအရသုံးသပ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်း ရရှိသော အခွင့်အရေးကို မြန်မာနိုင်ငံလည်းရရှိစေရန် ရည်ရွယ်၍ အဆိုကို ထောက်ခံပါကြောင်းဆွေးနွေးသည်။

**ကျောက်တန်း မဲဆန္ဒနယ်မှ ဦးနိုင်ဝင်း**က မြန်မာ့အရေး အာဆီယံထုတ်ပြန်ချက် (၅) ရပ်ကို ၂၀၂၁ ခုနှစ်ကတည်းက ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယခု ငါးနှစ်ကျော်သက်တမ်းအတွင်း ပြောင်းလဲလာသည့် မြေပြင်အခြေအနေများကို ထင်ဟပ်နိုင်ခြင်း မရှိတော့ပါကြောင်း၊ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ပြီး အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဆီသို့ တက်လှမ်းနေပြီ ဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် ပကတိအခြေအနေများနှင့် အံဝင်ခွင်ကျမှုမရှိသော ထုတ်ပြန်ချက်အဟောင်းကို အတင်းအကျပ် ဆက်လက်ဆုပ်ကိုင်မထားဘဲ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားသော ပြင်ဆင်မှု (သို့) ပယ်ဖျက်မှုများ ဖြစ်လာစေရန် မဆုတ်မနစ် ညှိနှိုင်းရမည် ဖြစ်ပါကြောင်း၊

မိမိတို့မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း မိမိတို့၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်ခွင့်ပြုမည် မဟုတ်ပါကြောင်း၊ သို့ပါ၍ အာဆီယံမူဝါဒနှင့် ကွဲလွဲနေပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိပါးနေသော ဤထုတ်ပြန်ချက် (၅) ရပ်ကို ပြင်ဆင် သို့မဟုတ် ပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ပကတိအခြေအနေများကို ချပြကာ ပြတ်ပြတ်သားသား ညှိနှိုင်းဆောင်ရွက်သွားရန် တိုက်တွန်းသည့်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးပြုံးချို**က ယခုအချိန်သည် အခြေအနေကောင်း အချိန်အခါကောင်းဖြစ်သည့်အတွက် အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် မိမိနိုင်ငံ၏ အခြေခံအကျဆုံးဖြစ်သည့် အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးနှင့် အာဆီယံအခြေခံမူများကို သိသာထင်ရှားစွာ ချိုးဖောက်နေသဖြင့် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ကိုက်ညီအောင်ပြန်လည်ထိန်းညှိရန် လိုအပ်နေပြီဖြစ်ပြီး ညှိနှိုင်းဆွေးနွေးရန် အဖြေရှာသင့်ပါကြောင်း၊ ပြန်လည်ထိန်းညှိရန် အချက်များတွင်လည်း သီးခြားတောင်းဆိုချက်မဟုတ်ဘဲ အာဆီယံပဋိညာဉ်တွင်ပါဝင်သည့် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာပိုင်ဆိုင်ရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားရေးလက္ခဏာများ လေးစားလိုက်နာကြရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရန်၊ တန်းတူညီမှုရရှိရေးတို့ကို ပြန်လည်ရရှိရန် ထိန်းညှိခြင်းသာ ဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစိုးမင်းစမ်း** က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံနှစ် (၃၀)ပြည့် နှစ်ပတ်လည်နေ့တွင် လာအိုနိုင်ငံနှင့်အတူ ဝင်ရောက်ခဲ့ခြင်းဖြစ်ကာ အာဆီယံ၏ အခြေခံမူများအတိုင်း အခြားနိုင်ငံများ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ အာဆီယံ၏ အသိုက်အဝန်းအတွင်း တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နည်းလမ်းအချို့ဖြင့် ကြိုးပမ်းလာသည်ကို တွေ့ရပါကြောင်း၊

အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် မိမိတို့နိုင်ငံအား အာဆီယံအဖွဲ့အတွင်း ပြန်လည် ပါဝင်ဆွေးနွေးမှုများ ပြုလုပ်စေလိုသည်ကို တွေ့ရှိရပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံအချို့သာ အာဆီယံထုတ်ပြန်ချက် (၅) ရပ်ကို အပြုသဘောမဆောင်သည့်ဘက်မှ လိုသလို အသုံးချပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့အစည်းအနေဖြင့် နောင် ရာစုနှစ်ပေါင်းများစွာတိုင်အောင် စည်းလုံးညီညွတ်စွာဖြင့် အဓွန့်ရှည် တည်တံ့စွာ ရပ်တည်နိုင်ရေးအတွက် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ အခွင့်အရေးဖြစ်သည့် အမျိုးသား အကျိုးစီးပွားကိုရှေးရှုကာ ပိုမိုလက်တွေ့ကျပြီး မျှတသည့်နည်းလမ်းများဖြင့် ပြန်လည်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ**က မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် စတင်ဝင်ရောက်ချိန်မှစ၍ အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ အခြေခံမူများ၊ ရည်မှန်းချက်များနှင့်မူဝါဒများကို အလေးထား လိုက်နာဆောင်ရွက်ခဲ့ပြီး အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခြင်းအပါအဝင် အာဆီယံအတွင်း မြန်မာနိုင်ငံက ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများ၏ နှစ်စဉ်ပေးသွင်းရမည့် ရန်ပုံငွေများကိုလည်း မပျက်မကွက်ပေးဆောင်ခဲ့ပါကြောင်း၊

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ထုတ်ပြန်ချက် (၅) ရပ်တွင် ပါဝင်သည့် အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်၊ အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ရန်ဆိုသည့် အချက်များအပေါ် ဆောင်ရွက်ချက်များ တိုးတက်မှုမရှိဟု အာဆီယံက သုံးသပ်ထားပါကြောင်း၊ ပြည်သူများ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် လွှတ်တော်အသီးသီးတွင် ပြည်သူများပေးအပ်သည့် တာဝန်များကို ထမ်းဆောင်နေကြပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ကိုလည်း ရွေးချယ်တင်မြှောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊

ပြည်သူများ ရွေးချယ်တင်မြှောက်ခဲ့သည့် အစိုးရကို အာဆီယံထိပ်သီးအစည်းအဝေးများသို့ ဖိတ်ကြားခြင်းမပြုခြင်းသည် ပေးအပ်ခဲ့သော မြန်မာနိုင်ငံသားများ၏ ဆန္ဒကို မျက်ကွယ်ပြုရာ ရောက်သည့်အတွက် အာဆီယံ၏ မြန်မာနိုင်ငံအပေါ် ထုတ်ပြန်ချက်အား အာဆီယံနိုင်ငံများက ပြန်လည်သုံးသပ်ပေးရန် တိုက်တွန်းအပ်ပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ချမှတ်ခဲ့သော အာဆီယံဆုံးဖြတ်ချက်များသည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိ တိုးတက်ပြောင်းလဲလာသော ပကတိအမှန်တရားများနှင့်လည်း ကိုက်ညီမှုမရှိသည့် အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေး သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်း ရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော် ရှိခဲ့သည့် အတွက် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းသည် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ ပြည်သူများက ၎င်းတို့ သဘောဆန္ဒအလျောက် တက်တက်ကြွကြွ လာရောက် မဲပေးခဲ့ကြပြီး ရွေးကောက်ပွဲတွင် ပြဿနာတစ်စုံ တစ်ရာ ကြီးကြီးမားမား မဖြစ်ပွားခဲ့ဘဲ ပါတီအချင်းချင်း အသေးအဖွဲ့ တိုင်ကြားမှုသာရှိခဲ့သည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတ သော ရွေးကောက်ပွဲဖြစ်သည်မှာ သိသာထင်ရှား ပါကြောင်း၊

ရွေးကောက်ပွဲကို နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ လာရောက် လေ့လာခဲ့ကြပြီး အဆိုပါအဖွဲ့များက လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် အသိအမှတ် ပြုခဲ့ကြပြီးဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနက် စင်ကာပူ၊ မလေးရှားနှင့် တီမောလက်စ်တေ နိုင်ငံများမှအပ ကျန်အဖွဲ့ဝင်နိုင်ငံများက ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခဲ့ကြပါကြောင်း၊ ထို့ပြင် ဧပြီ ၁၀ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်သမ္မတ၏ ကတိသစ္စာပြုပွဲ အခမ်းအနားသို့လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများစု မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါကြောင်း၊

ယခုဆိုလျှင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲမှတစ်ဆင့် ပြည်သူများက ရွေးချယ် ထားသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်တစ်ရပ်ပေါ်ပေါက် လာခဲ့ပြီဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် များဖြစ်ကြသည့် သမ္မတရွေးချယ်ရေး အစုအဖွဲ့များက ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်သမ္မတ ဦးဆောင်သောအစိုးရက နိုင်ငံ၏ တာဝန်ကို ထမ်းဆောင်နေခြင်းပင် ဖြစ်ပါကြောင်း၊

မိမိတို့အစိုးရသည် ပြည်သူများက ရွေးချယ် တင်မြှောက်ထားသည့် အစိုးရဖြစ်သည့်အတွက် ပြည်သူများ၏ မျက်နှာကိုထောက်ထားပြီး အစိုးရ၏ ဂုဏ်သိက္ခာနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံအစည်း အဝေးများကို တက်ရောက်နေသော မြန်မာကိုယ်စား လှယ်အဖွဲ့များကလည်း မြန်မာနိုင်ငံ၏ ကတိကဝတ် ထားရှိခဲ့သည့်အတိုင်း ရွေးကောက်ပွဲဆောင်ရွက် ခဲ့မှုများနှင့် နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုအခြေ အနေများကို ရှင်းလင်းပြောကြားလျက် ရှိပါကြောင်း၊

၂၀၂၆ ခုနှစ် မေ ၈ ရက်က ဖိလစ်ပိုင်နိုင်ငံ စီဘူး မြို့၌ ကျင်းပခဲ့သည့် (၄၈) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများအပေါ် အာဆီယံနိုင်ငံ့ ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြပြီး ခေါင်းဆောင်

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

အများစုက ပကတိအခြေအနေမှန်များကို အသိအမှတ်ပြုလက်ခံခဲ့ကာ အပြုသဘောဆွေးနွေးခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို အဆင့် (၃) ဆင့်ဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အချို့သော အာဆီယံနိုင်ငံများသည် ပကတိအခြေအနေမှန်ကို လက်ခံလာကြသည်ကို တွေ့ရှိရပါကြောင်း၊ ရွေးကောက်ခံအစိုးရ စတင်တာဝန်ထမ်းဆောင်ပြီးနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် မြန်မာနိုင်ငံကို ပြန်လည်ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ပြီး အစည်းအဝေးများတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ အပြုသဘော ဦးတည်ဆွေးနွေးမှုများရှိလာသည်ကို တွေ့ရှိရပါကြောင်း။

လက်ရှိ အာဆီယံဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ၏ ထုတ်ပြန်ချက်များတွင်လည်း မြန်မာနိုင်ငံအပေါ် ဖိအားပေးဖော်ပြမှုများထက် အာဆီယံဥက္ကဋ္ဌ၏ မြန်မာ့အရေးဆောင်ရွက်ချက်များကို အပြုသဘော ရေးသားဖော်ပြခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် အာဆီယံနှင့် ဆွေးနွေးဖက်ဆက်ဆံရေးနိုင်ငံများ၏ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတွင်လည်း မြန်မာအရေးကိစ္စနှင့် ပတ်သက်၍ ယခင်ကလို ပြင်းပြင်းထန်ထန် ဖိအားပေး ပြောကြားခြင်းမျိုးမရှိတော့ဘဲ အပြုသဘောဆွေးနွေးမှုများကို တွေ့ရှိလာရပါကြောင်း၊လက်ရှိ မြန်မာနိုင်ငံနှင့် အာဆီယံဆက်ဆံရေးကို ပုံဖော်ကြရာတွင် ဆန့်ကျင်ဘက်မီဒီယာများနှင့် မြန်မာနိုင်ငံ၏ အကျိုးကို မလိုလားသည့် မီဒီယာများ၏ လိုရာပုံဖော်ရေးသားဖော်ပြမှုများကိုလည်း သတိချပ်စေလိုကြောင်း။

မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း အချို့သောနိုင်ငံများမှ တာဝန်ရှိသူအချို့၊ ခေါင်းဆောင်တချို့၏ အပြုသဘောမဆောင်သည့် ပြောကြားချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကြားသိရမည်ဖြစ်ပါကြောင်း၊ ၎င်းတို့၏ပြောကြားချက်များသည် ပုဂ္ဂလိကခံစားချက်နှင့် ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒအရဖြစ်ပြီး အာဆီယံအဖွဲ့ကြီးတစ်ခုလုံးကို ကိုယ်စားမပြုပါကြောင်း၊ အာဆီယံအဖွဲ့ကြီးတစ်ခုလုံးနှင့် သက်ဆိုင်သည်ဟုလည်း ယူဆ၍မရသည်ကို တင်ပြအပ်ပါကြောင်း၊ သို့သော်လည်း အာဆီယံအဖွဲ့၏ ပဋိညာဉ်စာတမ်းပါ တူညီဆန္ဒ(Consensus)မူအရ သက်ရောက်မှုတော့ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အာဆီယံအဖွဲ့အတွင်း မိမိနိုင်ငံနှင့် ရင်းနှီးသော၊ မိမိတို့ကို ထောက်ခံသည့် သဘောထားပျော့ပျောင်းသော နိုင်ငံအများစုရှိသလို မိမိတို့အပေါ် သဘောထားတင်းမာသည့် နိုင်ငံအချို့ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တူညီဆန္ဒမရရှိသေးသော်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါနိုင်ငံများအပေါ် နှစ်နိုင်ငံဆက်ဆံရေးကို သီးခြားစီခွဲခြားသုံးသပ်ပြီး ထိတွေ့ဆက်ဆံ ဆောင်ရွက်သွားမည်ဖြစ်သည်ကို သုံးသပ်တင်ပြအပ်ပါကြောင်း၊ အချို့သော အာဆီယံနိုင်ငံများမှအပ အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုက မြန်မာနိုင်ငံအပေါ် ရင်းနှီးသော မိတ်ဆွေနိုင်ငံများအနေဖြင့် ပျော့ပျောင်းသော ဆက်ဆံမှုများ၊ အပြုသဘောဆောင်သော သဘောထားများရှိသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အာဆီယံနိုင်ငံများအနက် မိမိတို့အပေါ် သဘောထားတင်းမာသော နိုင်ငံအချို့ကို သတိထားပြီး ဆက်ဆံသွားမည်ဖြစ်ပါကြောင်း။

အစိုးရသစ်တက်လာပြီးနောက်ပိုင်း နှစ်လကျော်ကာလအတွင်း အာဆီယံနိုင်ငံများမှ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့က နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံကို လာရောက်ခဲ့ပါကြောင်း၊ မကြာမီကာလများတွင်လည်း အာဆီယံအဖွဲ့ဝင် နိုင်ငံများက နိုင်ငံခြားရေးဝန်ကြီးများ မြန်မာနိုင်ငံကို လာရောက်ရန်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံတော်သမ္မတအနေဖြင့်လည်း အာဆီယံ၏ ဆွေးနွေးဖက်ဆက်ဆံရေး ထူထောင်ထားပြီး အိမ်နီးချင်းအင်အားကြီး မိတ်ဆွေနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံကို တရားဝင်ခရီးစဉ် (Official Visit) နှင့် တရုတ်နိုင်ငံကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံရာတွင် တရုတ်သမ္မတက "မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ချက်များနှင့် တည်ငြိမ်အေးချမ်းပြီး နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိမှုကို ထောက်ခံကြောင်း" ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ထို့အပြင် ခရီးစဉ်အတွင်း ထုတ်ပြန်ခဲ့သည့် နှစ်နိုင်ငံ ပူးတွဲကြေညာချက်တွင်လည်း "မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့သည့်အပေါ် တရုတ်နိုင်ငံဘက်မှ ကြိုဆိုပြီး နိုင်ငံအတွင်းရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖော်ဆောင်ရန် မြန်မာနိုင်ငံဘက်မှ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း" ထည့်သွင်းဖော်ပြခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် တွေ့ဆုံစဉ်ကလည်း အိန္ဒိယဝန်ကြီးချုပ်က "မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာဦးဆောင်သော ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံကြောင်း" ပြောကြားခဲ့ပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရအပေါ် အိမ်နီးချင်း၊ အင်အားကြီးနှစ်နိုင်ငံက အားပေးထောက်ခံသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်သမ္မတက လာအိုသမ္မတ၏ ဖိတ်ကြားချက်အရ ဇူလိုင်လဆန်းပိုင်းက လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း လာအိုသမ္မတက မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် လွတ်လပ်မျှတသော ရွေးကောက်ပွဲကို အသိအမှတ်ပြုပါကြောင်းနှင့် မြန်မာနိုင်ငံအစိုးရအပေါ် အားပေးထောက်ခံပါကြောင်း၊ အာဆီယံအဖွဲ့အတွင်း ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိရေး တတ်စွမ်းသမျှ ထောက်ခံရပ်တည်ပေးသွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ပြောကြားခဲ့ပါကြောင်း၊ မကြာမီကာလများတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများသို့ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ရန်ရှိကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း။

ထိုအရာသည် မိမိတို့ရွေးကောက်ခံအစိုးရတစ်ရပ်၏ သံတမန်ရေးအရ အောင်မြင်မှုနှင့် တရားဝင်ဖြစ်မှုတို့ကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်း မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြန်လည်ထိတွေ့ ဆက်ဆံချဉ်းကပ်မှုကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေသည်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ မြန်မာနိုင်ငံကို လာရောက်လျက်ရှိသည့် ခရီးစဉ်များက သက်သေပြနေပါကြောင်း၊ မကြာမီ ကာလအတွင်းတွင်လည်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတစ်ရပ် ကျင်းပသွားရန်ရှိပြီး မြန်မာနိုင်ငံကို ဖိတ်ကြားထားသည့်အတွက် မိမိဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် ရှိပါကြောင်း။

နိုင်ငံတော်သမ္မတကြီးကလည်း အာဆီယံအဖွဲ့အတွင်း အဖြစ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားပြီးဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် အာဆီယံအနေဖြင့် မြန်မာအရေးကိစ္စနှင့်ပတ်သက်ပြီး တူညီဆန္ဒ မရရှိသေးသော်လည်း နှစ်နိုင်ငံချင်း ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများပြန်လည်ရရှိနေပြီး မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆက်ဆံရေးသည် ပြန်လည်တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်းတွင်လည်း မြန်မာနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်များနှင့် ကန့်သတ်ချက်များကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်ရန် ဆွေးနွေးလျက်ရှိသည်ကို သတင်းမီဒီယာများက ဖော်ပြနေသည်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး အသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မဝေးတော့သည့် အနာဂတ်တွင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ရရှိသွားမည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း၊ ထိုကဲ့သို့ရရှိရန်အတွက်လည်း မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ မြန်မာနိုင်ငံ၏ ပကတိ အခြေအနေအပေါ် မူတည်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ မိမိနိုင်ငံနှင့် ကိုက်ညီသော မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ပါ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်တို့နှင့်အညီ နိုင်ငံတကာ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေး၊ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုရှင်၏ သဘောထားအား မေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားရာ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဇူလိုင် ၁၄ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်ထောင်စု လွှတ်တော်ရုပ်သံဖိုင် ကြည့်ရှုရန် -**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဟားခါးမြို့ရှိ လမ်းတည်ဆောက်ရေးလုပ်ငန်း၊ ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က ချင်းပြည်နယ် ဟားခါးမြို့ တပ်ကုန်းတောင်တန်းသာသနာပြုကျောင်းသို့ သွားရောက်ပြီး သာသနာရေးကိစ္စရပ်များ လျှောက်ထားကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မုံရွာ(ညောင်ပင်ကြီး) – ပုလဲ – ဂန့်ဂေါ – ဟားခါးလမ်း (၃၁၃ ဒသမ ၄၆၀ ကီလိုမီတာမှ ၃၁၃ ဒသမ ၅၈၀ ကီလိုမီတာ) ကြား အလျားမီတာ ၁၂၀၊ ပျမ်းမျှ အကျယ် ၆ ဒသမ ၂ မီတာ ရရန် လမ်းတာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်၊ မိုးရာသီတွင် ရေမတင်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်ရန်၊ မိုးတွင်းတွင် တောင်ပြို၍ လမ်းပြတ်တောက်မှု မရှိစေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ ကြိုတင်စုဖွဲ့၍ အလေးထားကြပ်မတ်ဆောင်ရွက်ရန်၊ ဆောင်ရွက်မည့် လျာထားချက်များ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်တို့ကို မှာကြားကာ လမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ချင်းပြည်နယ် ဟားခါးမြို့ရှိ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ ထမ်းဆောင်နိုင်ရန် လိုအပ်သည့် ဝန်ထမ်းအိမ်ရာများ၊ ရုံးအဆောက်အအုံများ၊ ရုံးသုံးပရိဘောဂများ၊ စာရေးကိရိယာများ စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ စုပေါင်းရုံး တောင်ဇလပ်ခန်းမ၌ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ SOP အတိုင်း လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရာထူးအဆင့်အတန်းနှင့် လျော်ညီစွာ ပြုမူပြောဆို နေထိုင်ကြရမည်ဖြစ်ပါကြောင်း၊ တိုးတက်ပြောင်းလဲလာသော နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး မိမိကိုယ်ကို အရည်အချင်း ပြည့်ဝအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထားဆောင်ရွက်ကြရန်နှင့် တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံရာတွင်လည်း မေတ္တာထားဆက်ဆံကြရမည် ဖြစ်ပါကြောင်း မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကိစ္စရပ်များ ဆောင်ရွက်မှုနှင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များအခြေအနေ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံအစိုးရအချင်းချင်း ဆောင်ရွက်နေမှုနှင့် ယင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပေးပို့လာသည့် စာရင်းများအပေါ် ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့မှုအခြေအနေအား စိစစ်ပြန်ကြားခဲ့မှု၊ ယင်းသို့ဆောင်ရွက်ရာတွင် ပေးပို့သည့်စာရင်းများအား စိစစ်ပြန်ကြားရန် ကြုံတွေ့ရသည့်အခက်အခဲများနှင့် အထောက်အထားအချက်အလက်များ ပြည့်စုံစွာပြုစုပေးပို့ရန်လိုအပ်မှု၊ မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်များနှင့် နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ အဆင်ပြေစေရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရုံးအမှတ် (၂၂) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ဇေယျာဌာန – ၂ လမ်းသွယ်၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင် စိုက်ပျိုးပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က သတ်မှတ်နေရာများ၌ ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးအနေဖြင့် ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် စုစုပေါင်း ၃၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ယနေ့နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ ရာဇာမင်းတံတား၌ သက်ဆိုင်ရာ တာဝန်ရှိသူများထံ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅၂) စားသုံးသူရေးရာဦးစီးဌာနရုံးအနီးရှိ မြေကွက်လပ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက် အမှာစကားပြောကြားပြီး ရတနာတန်းဝင် ကျွန်းပင်အား စိုက်ပျိုးပေးသည်။



ယင်းနောက် ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ဦးဝင်းမြင့်ခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ကျွန်းပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးကြသည်။ ယခုနှစ်မိုးရာသီတွင် ရတနာတန်းဝင်ကျွန်းပင် ၆၀၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

▼ *ကျောဖုံးမှ*

နုတ်ထွက်သွားပြီ ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်တွင် ခရိုအေးရှားက ပေါ်တူဂီအသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက် ယင်းနုတ်ထွက်မှုထွက်ပေါ်လာခြင်းဖြစ်သည်။ ဒါလစ်ချ်သည် ခရိုအေးရှားအသင်းကို ၂၀၁၇ ခုနှစ်တွင် စတင်တာဝန်ယူခဲ့ပြီး ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တတိယအပြင် ၂၀၂၃ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲတွင် ဒုတိယရရှိအောင် စွမ်းဆောင်ပေးထားနိုင်ခဲ့သည်။ ၎င်းသည် အဓိကပြိုင်ပွဲသုံးခုတွင် ဆုတံဆိပ်များ ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့်အတွက် ခရိုအေးရှားအသင်း သမိုင်းတစ်လျှောက်တွင် အအောင်မြင်ဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ခရိုအေးရှားနည်းပြဟောင်း ဆလာဗင်ဘီလစ်သည် လက်ရှိ ယူ–၂၁ နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေပြီး ဒါလစ်ချ်၏ နေရာကို အစားထိုးရန်ဦးဆောင်နေကြောင်း သိရသည်။ **အောင်ဇော်**

❖ *ကျောဖုံးမှ*

များရှိ ရုံးဌာနများနှင့် အများ ပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံ၏ ပကတိမြေပြင်အခြေအနေကို ကောင်းစွာထင်ဟပ်နိုင်ခြင်းမရှိသည်ကို စိတ်ပျက်ဖွယ် တွေ့ရှိရသည်။

ထို့အပြင် အိုအိုင်စီကတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆို အပါအဝင် ယခင်လူ့အခွင့်အရေးကောင်စီအစည်းအဝေးများ၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အဆိုအသီးသီးသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် နေရပ်စွန့်ခွာမှု၏ အဓိကအကြောင်းရင်း (မြစ်ဖျားခံရာ) ကို ဖော်ပြရန် ပျက်ကွက်သည်။ ထိုသို့ ပျက်ကွက်မှုက အဆိုပါ ဆုံးဖြတ်ချက်အဆိုများသည် နေရပ်စွန့်ခွာသူများဆိုင်ရာပြဿနာအား အဓိပ္ပာယ်ရှိစွာ စိတ်ရင်းမှန်ဖြင့် ပူးပေါင်းဖြေရှင်းလိုမှု ကင်းမဲ့သည်ကို ပြသနေသည်။ ဆုံးဖြတ်ချက်အဆိုတွင် စွပ်စွဲဖော်ပြထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အမုန်းစကားဆိုင်ရာ အခြေအမြစ်မရှိ ဖော်ပြချက်များသည် မြေပြင်အခြေအနေနှင့် လွန်စွာကင်းကွာနေသည်ကို တွေ့ရှိရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေးနှင့်တည်ငြိမ်ရေး ပြန်လည်ကောင်းမွန်လာပါက နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ စိစစ်ပြီးစီးသည့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် စစ်မှန်သောနိုင်ငံရေးဆန္ဒရှိကြောင်း ထပ်လောင်းပြောကြားလိုသည်။ စိစစ်ပြီးစီးသည့် ပြန်လည်ဝင်ရောက်လာသူများကို လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပေးပို့လာသော လူဦးရေစာရင်းကိုစိစစ်ပြီး လစဉ် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ဆောင်ရွက်လျက်ရှိသည်။ စင်စစ်အားဖြင့် လက်ရှိအချိန်တွင် နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာနေမှုမှာ AA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်ခြင်းများကြောင့်သာ ဖြစ်သည်။

မြန်မာနိုင်ငံ၌ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခဲ့ပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းဖြင့် နိုင်ငံတော်၏ လွှတ်တော်များနှင့် ရွေးကောက်ခံအစိုးရတစ်ရပ် ပေါ်ပေါက်နေပြီ ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်သမ္မတသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိကာလကို ပြည်ထောင်စုအစိုးရ၏ ရက် ၁၀၀ စီမံကိန်း အကောင်အထည်ဖော်မှုကာလအဖြစ် သတ်မှတ်ခဲ့ပြီး ယင်းကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့များနှင့် လက်မှတ်မထိုးရသေးသည့် အဖွဲ့များအားလုံးကို ထပ်မံဖိတ်ခေါ်ခဲ့သည်။ ထို့အပြင် PDFs အဖွဲ့ဝင်များကိုလည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ကမ်းလှမ်းထားသည်။ ယင်းကဲ့သို့သော စဉ်ဆက်မပြတ် ဖိတ်ခေါ်မှုများကြောင့် လက်ရှိအချိန်အထိ PDFs အဖွဲ့ဝင်များအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့မှ စုစုပေါင်း အင်အား ၄,၀၀၀ ဦးကျော် ဥပဒေဘောင်ထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဆုတ်မနစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်လျက်ရှိစဉ်အတွင်း လူ့အခွင့်အရေးကောင်စီမျက်နှာစာ၌ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့် ဆွေးနွေးမှုများပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်အဆိုများတင်သွင်းခြင်းတို့သည် အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်ပေါ်ရေးကို အထောက်အကူမပြုသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ယင်းတို့ကို အစဉ်တစိုက် ဆန့်ကျင်သည်။ သို့ဖြစ်ရာ အိုအိုင်စီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံအနေဖြင့် ပြတ်သားစွာ ခြွင်းချက်မရှိ ပယ်ချလိုက်သည်။ မြန်မာအစိုးရအနေဖြင့် ဆွေးနွေးမှုများအတွင်း မျှတစွာ ရပ်တည်ပေးခဲ့သည့် ခင်မင်ရင်းနှီးသောနိုင်ငံများကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်**

# ဝါအထွက်နှုန်းတိုးတက်ဖို့ ဖြုတ်စိမ်းပိုးကို ဂရုပြုစို့

ဒေါက်တာ ခင်ခင်ကြီး

**ကမ္ဘာပေါ်ရှိ ဝါစိုက်ပျိုးသော နိုင်ငံအများစု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ဝါစိုက်ပျိုးထုတ်လုပ်မှုအပေါ်တွင် များစွာမူတည်နေသည်။ ဝါထွက်ကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုမှာ ဝါသီးနှံတွင် ပိုးမွှားများမြောက်မြားစွာ ကျရောက်ခြင်းကြောင့်ဖြစ်သည်။**

ဝါပင်သည် စတင်စိုက်ပျိုးချိန်မှ ကောက်သိမ်းချိန်အထိ အင်းဆက်ပိုးမျိုးစိတ်ပေါင်း ၁၃၀၀ ကျော်ခန့်က ဖျက်ဆီးနိုင်သည်ဟု မှတ်တမ်းများအရ သိရှိရသည်။ ဝါပင်၏ ပြင်ပပုံသဏ္ဌာန်နှင့် အပင်ဇီဝဆိုင်ရာ တည်ဆောက်ထားမှုပုံသဏ္ဌာန် ထူးခြားချက်များက အခြားသီးနှံများထက် ပိုးကျရောက်ဖျက်ဆီးမှုပိုမိုများပြားစေရန် ဖန်တီးထားသကဲ့သို့ ဝါပင်ပေါ်ရှိ သီးပွင့်အင်္ဂါများသည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာသဖြင့် ပိုးမွှားများအတွက် အစာအာဟာရများကို မပြတ်ထောက်ပံ့ပေးသကဲ့သို့ ဖြစ်နေသည်။

ဝါသီးလုံး၊ ဝါပွင့်နှင့် ဝါပိမ့်များသည် သီးလုံးဖောက်ပိုးလောက်ကောင်များအတွက် အစာကောင်းများဖြစ်သည့်အပြင် ရာသီဥတုဒဏ်၊ ရန်သူပိုးများနှင့် ပိုးသတ်ဆေးအန္တရာယ်တို့ကို ကောင်းစွာအကာအကွယ်ပေးနိုင်သည်။ ဝါရွက်ပေါ်ရှိ အချိုရည်နှင့် ရွက်ညွှန့်များသည် စုပ်စားပိုးများကို ဆွဲဆောင်နေသည့်အပြင် ပိုးများပေါက်ပွားကြီးပြင်းရန် အခြေအနေကောင်းများကို ဖန်တီးထားသည်။

ဝါပင်တွင် အဓိကကျရောက်သည့်ပိုးများကို ယင်းတို့၏ ဖျက်ဆီးမှုပုံစံအပေါ်မူတည်၍ စုပ်စားပိုး၊ သီးလုံးဖောက်ပိုး၊ အရွက်စားပိုး၊ ပင်စည်ထိုးပိုးဟူ၍ ခွဲခြားထားသည်။ စုပ်စားပိုးများအနက် ရာသီအစောပိုင်းတွင် ကျရောက်သောပိုးအဖြစ် သိရှိထားကြသော ဖြုတ်စိမ်းပိုးမှာ လက်ရှိအချိန်တွင် ဝါသီးနှံသက်တမ်းကာလ တစ်လျှောက်လုံးတွင် အဓိကပိုးအဖြစ် ဖြစ်တည်လာကြောင်း တွေ့ရသည်။

ဖြုတ်စိမ်းပိုးကြောင့် ဝါထွက်ဆုံးရှုံးသည့် ပမာဏအနေဖြင့် အိန္ဒိယ၊ ပါကစ္စတန်ကဲ့သို့ ယခင်ကတည်းက အဓိကဝါဖျက်ပိုးအဖြစ် တည်ရှိလာသည့် နိုင်ငံများတွင် ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိဖြစ်ပြီး လုံးဝကာကွယ်နှိမ်နင်းခြင်း မပြုပါက ဝါထွက်နှုန်းကို ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းစေကြောင်းနှင့် အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ၂၀၂၅ ခုနှစ် စာရင်းအရ ၄၀ ရာခိုင်နှုန်းမှ ၄၆ ရာခိုင်နှုန်းအထိ အထွက်ကျဆင်းကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ထိုကဲ့သို့ စီးပွားရေးအရ ထိခိုက်ပျက်စီးစေနိုင်သည့် ဖြုတ်စိမ်းပိုး၏သဘောသဘာဝကို ဝါစိုက်တောင်သူများ သိရှိပြီး လိုအပ်သော ကာကွယ်နှိမ်နင်းမှုများ ပြုလုပ်နိုင်မှသာ မျှော်မှန်းထားသော ဝါထွက်နှုန်းကို ရရှိစေမည်ဖြစ်သည်။



ပ-အဆင့် ဒု-အဆင့် တ-အဆင့် စ-အဆင့် ပဥ္စမ-အဆင့် အကောင်ကြီး

ဖြုတ်စိမ်းပိုးအရွယ်ရောက်ကောင် ဖြစ်လာပုံအဆင့်ဆင့်။

### ဖြုတ်စိမ်းပိုးလက်ခံပင်များနှင့် ပျံ့နှံ့ပုံ

ဝါဖြုတ်စိမ်းပိုး (Amrasca biguttula) သည် Order- Hemiptera တွင် ပါဝင်သည့် စုပ်စားပိုးဖြစ်ပြီး အစုံစားအင်းဆက်မျိုးတွင် ပါဝင်သည်။ ဝါပင်၊ ရုံးပတီပင်နှင့် ခရမ်းပင်တို့တွင် အများအားဖြင့် ကျရောက်လေ့ရှိပြီး ပဲပုပ်၊ နေကြာ၊ ဖရဲ၊ အာလူး၊ မြေပဲ၊ ဂုန်လျှော်၊ ပဲတီစိမ်းနှင့် မတ်ပဲအစရှိသည့် သီးနှံများတွင်လည်း ကျရောက်လေ့ရှိကြောင်း တွေ့ရသည်။ ဝါဖြုတ်စိမ်းပိုးကို မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ နီပေါ၊ ထိုင်းနိုင်ငံတို့အပြင် အာဖဂန်နစ္စတန်၊ ဂျပန်၊ အမေရိကန်တို့တွင် အများအပြားတွေ့ရလေ့ရှိသည်။

### ဘဝစက်ဝန်းနှင့်ပုံသဏ္ဌာန်

ဝါဖြုတ်စိမ်းပိုးသည် ဥများကို အရွက်ကြောထဲတွင် ဥလေ့ရှိပြီး အမတစ်ကောင်သည် ပျမ်းမျှအားဖြင့် ၁၅ လုံးခန့် ဥတတ်ပြီး အများဆုံး ၂၉ လုံးအထိ ဥတတ်ကြောင်း သိရသည်။ ဖြုတ်စိမ်း အမသည် ဥများကို ရွက်နုလေးများ၊ ရွက်ညှာတံများ၊ ထိပ်ညွှန့်များတွင် ဥလေ့ရှိသော်လည်း အဓိကအားဖြင့် အရွက်အောက်မျက်နှာပြင်ရှိ ရွက်ကြောများတွင် ဥဥလေ့ရှိသည်။

ဥလေးများသည် ဘဲဥပုံအဝါဖျော့ရောင်ဖြစ်ပြီး အလွန်သေးငယ်သည့်အတွက် သာမန်မျက်စိဖြင့် မမြင်နိုင်ဘဲ မှန်ဘီလူးနှင့်ကြည့်မှ မြင်တွေ့နိုင်သည်။ ဥအရွယ်အစားမှာ ပျမ်းမျှအားဖြင့် အလျား သုညဒသမ ၆၆ မီလီမီတာဖြစ်ပြီး အနံအားဖြင့် သုညဒသမ ၁၇ မီလီမီတာခန့်ရှိသည်။ ဥမှ အကောင်ပေါက်ချိန်သည် ပျမ်းမျှအားဖြင့် ခြောက်ရက်ကျော်ကြာနိုင်သည်။ ဥမှပေါက်စ ပိုးမမည်လေးသည် ကြည်လင်သော အဝါဖျော့ရောင်ရှိပြီး မျက်လုံးများသည် ဘဲဥပုံ နီညိုရောင်ဖြစ်သည်။ အောက်တွင် ဖော်ပြထားသည့်ပုံအတိုင်း ပိုးမမည်အဆင့် ငါးဆင့်ဖြတ်သန်းပြီး အကောင်ကြီးဘဝသို့ ရောက်ရှိသည်။ ပိုးမမည်ကောင်များသည် ပတ်ဝန်းကျင်အခြေ



ဖြုတ်စိမ်းပိုးကျရောက်မှုလက္ခဏာ

အနေနှင့် အစားအသောက်ပေါ်မူတည်၍ သက်တမ်းခုနစ်ရက်မှ ၂၁ ရက်အကြာတွင် အရွယ်ရောက်အကောင်ကြီးများ ဖြစ်လာကြသည်။

**ပိုးမမည် အကောင်ငယ်အဆင့်ဖြစ်သည့် ဒုတိယအဆင့်မှ စတုတ္ထအဆင့်တွင် စားသောက်ဖျက်ဆီးမှုအပြင်းထန်ဆုံးဖြစ်သည်။** ပိုးမမည်နှင့် အကောင်ကြီးမှာ ပုံသဏ္ဌာန်အားဖြင့် တူညီကြပြီး သပ်ပုံစံရှိကြသည်။ ယင်းတို့ကို တို့၊ ထိ နှောင့်ယှက်ပါက ဘေးတိုက် ရွေ့လျားသွားလာလေ့ရှိသည်။ နေ့ဘက်တွင် ဝါရွက်အောက်မျက်နှာပြင်၌ နေထိုင်ကြပြီး ညအချိန်ကျမှ ဝါပင်ပေါ်တွင် သွားလာလှုပ်ရှားတတ်ကြသည်။ အစိမ်းရောင်ရှိသည့် အကောင်ကြီးသည် ရှေ့အတောင်အဖျားတွင် အနက်စက်နှစ်စက်ပါရှိသည်။ တစ်နှစ်တွင် သားဆက် ၁၁ ဆက်အထိ ပွားများနိုင်ပြီး သားဆက်တစ်ဆက်လျှင် ၁၅ ရက်မှ ၄၆ ရက်အထိ ကြာမြင့်ကြောင်း သုတေသနပြုလုပ်ချက်အရ တွေ့ရှိရသည်။

### ဖျက်ဆီးမှုပုံစံနှင့် အလေ့အထ

ဖြုတ်စိမ်းပိုးမှာ စုပ်စားပိုး အမျိုးအစားဖြစ်၍ ပင်ရည်ကိုစုပ်ယူပြီး အစာစားချိန်တွင် အဆိပ်ရှိသည့်တံတွေးကို အပင်တစ်သျှူးအတွင်း ထိုးသွင်းလိုက်သည်။ အများအားဖြင့် အရွက်၏ အောက်မျက်နှာပြင်တွင်နေလေ့ရှိပြီး စားသောက်ဖျက်ဆီးခံရသော အရွက်များသည် အစိမ်းရောင်မှ အဝါရောင်၊ နီညိုရောင်သို့ပြောင်းပြီး အရွက်အနားများ တွန့်လိမ်လာသည်။

တစ်ရှူးများသေ၍ ဖြုတ်လောင်ခြင်း လက္ခဏာ (hopper burn) ဖြစ်ခြင်းကြောင့် အစာချက်လုပ်မှုကို ထိခိုက်စေပြီး ဝါထွက်နှုန်းကို ထိခိုက်စေနိုင်ပါသည်။ အကောင်ကြီးနှင့် အကောင်ငယ်များ ဖျက်ဆီးမှုကြောင့် အရွက်အနားများအောက်သို့ ကုပ်၍ခြောက်သွေ့ခြင်း၊ ဝါပင်ကြီးထွားမှု ရပ်ဆိုင်းခြင်းနှင့် အသီးအပွင့်များ ကြွေကျခြင်းကို ဖြစ်ပေါ်စေပါသည်။ ဖြုတ်စိမ်းကြောင့် ဖြစ်ပေါ်သည့် အပင်၏ ထိခိုက်မှုလက္ခဏာကို အောက်ပါအတိုင်း အဆင့်လေးဆင့်ခွဲခြား သတ်မှတ်ထားပြီး အပင်၏ဖြုတ်စိမ်းပိုးအပေါ် ခံနိုင်ရည်ရှိမှုအညွှန်းကိန်း (Leafhopper Resistant Index) ကို အဆင့်လေးဆင့်အပေါ် မူတည်၍ တွက်ချက်နိုင်ပါသည်-

အဆင့် (၁) ဝါရွက်များ ထိခိုက်ပျက်စီးခြင်း၊ တွန့်လိမ်ခြင်း၊ ကုပ်ခြင်းမရှိဘဲ အကောင်းပကတိပုံစံရှိနေခြင်း၊ အဆင့်(၂) အပင်အောက်ပိုင်းရှိ အရွက်များဝါပြီး အနားများတွန့်လိမ်၍ ကုပ်နေခြင်း၊ အဆင့်(၃) အပင်အောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ဝါရွက်များ ခြောက်သွေ့တွန့်လိမ်၍ ကုပ်နေခြင်း၊ အဆင့်(၄) တစ်ပင်လုံးရှိ အရွက်များ ဝါခြောက်ပြီး နီညိုရောင် သံကြေးရောင်သို့ ပြောင်းပြီး တွန့်လိမ်၍ကုပ်ခြင်း၊ အပင်ကြီးထွားမှုရပ်တန့်ခြင်းတို့ဖြစ်သည်။

ဖော်ပြပါ အဆင့်လေးဆင့်အပေါ်မူတည်၍ ဝါမျိုးတစ်မျိုး၏ ဖြုတ်စိမ်းကျရောက်ခြင်းအတွက် ခံနိုင်ရည်ရှိမှု အညွှန်းကိန်းအပေါ်မူတည်၍ ၀ ဒသမ



ဖြုတ်စိမ်းပိုးအရွယ်ရောက်ကောင်

၁ - ၁ ဒသမ ၀ အထိကို ခံနိုင်ရည်ရှိ၊ ၁ ဒသမ ၁ -၂ ဒသမ ၀ အထိကို အသင့်အတင့် ခံနိုင်ရည်ရှိ၊ ၂ ဒသမ ၁ - ၃ ဒသမ ၀ အထိကို ခံနိုင်ရည်မဲ့၊ ၃ ဒသမ ၁-၄ ဒသမ ၀ အထိကို အလွန်ခံနိုင်ရည်မဲ့ဟူ၍ ခွဲခြားထားပါသည်။

ပိုးသတ်ဆေးတစ်မျိုးတည်းကို ဆက်တိုက်အသုံးပြုခြင်းသည် ပိုးမွှားများအနေဖြင့် ပိုးသတ်ဆေးကို ခံနိုင်ရည်ရှိမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုအပြင် ကုန်ကျစရိတ်ကို များပြားစေသည်။ လက်ရှိအသုံးပြုနေသော ဘက်စုံပိုးမွှားကာကွယ်ရေးအစီအမံတွင် ပိုးတစ်မျိုးချင်းစီ၏ စီးပွားရေးကျော်လွန်စည်း (Economic threshold level) အပေါ်တွင် အခြေခံ၍ ပိုးသတ်ဆေးကို အသုံးပြုခြင်းပါဝင်သည်။

### စီးပွားရေးကျော်လွန်စည်းဆိုတာဘာလဲ

သီးနှံစိုက်ခင်းအတွင်းရှိ ဖျက်ပိုးဦးရေသည် နေရာဒေသနှင့် အချိန်ပေါ်မူတည်ပြီး အမြဲပြောင်းလဲလျက်ရှိသည်။ ယင်းဖျက်ပိုးဦးရေကို ကာကွယ်နှိမ်နင်းခြင်းမပြုပါက ပိုးဦးရေ တိုးတက်များပြားလာပြီး တစ်ချိန်ချိန်တွင် သီးနှံအထွက်နှုန်းကို စီးပွားရေးအရ ထိခိုက်စေနိုင်သောအဆင့်သို့ ရောက်ရှိနိုင်ပါသည်။ ယင်းဖျက်ပိုးအရေအတွက်ကို စီးပွားရေးကျော်လွန်စည်း (Economic Threshold Level-ETL) ဟု ခေါ်သည်။ ETL level ကို သတ်မှတ်ရာတွင် နိုင်ငံအလိုက် ကွဲပြားမှုရှိကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံတွင် ဖြုတ်စိမ်းပိုးအတွက် သတ်မှတ်ထားသော ETL level မှာ ဝါရွက်တစ်ရွက်တွင် ပျမ်းမျှဖြုတ်စိမ်းအကောင်ငယ် ၂-၄ ကောင်ကျပါက ပိုးသတ်ဆေးပက်ဖျန်းရမည်ဖြစ်သည်။

### ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်းကို သုံးကြစို့

ဖျက်ပိုးများကို ကာကွယ်နှိမ်နင်းရာတွင် ဓာတုဆေးတစ်မျိုးတည်းကိုသာ အသုံးပြုပါက ပိုးသတ်ဆေးကြောင့် မလိုလားအပ်သော ဆိုးကျိုးများ ရရှိနိုင်ကြောင်းကို ကမ္ဘာပေါ်ရှိ ဝါသီးနှံစီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သော

*စာမျက်နှာ ၁၁ သို့*

- **ပိုးမွှားများ၏ သဘာဝရန်သူ၊ တောင်သူအကျိုးပြု မိတ်ဆွေပိုးများ၏ တည်ရှိမှုကို မပျောက်ပျက်အောင်ထိန်းသိမ်းခြင်း၊ ယင်းပိုးများ ကြိုက်နှစ်သက်မည့် အခြေအနေများ ဖန်တီးပေးခြင်း၊ အကျိုးပြုပိုးများအား အချိန်မီကြိမ်ဖန်များစွာ စိုက်ခင်းအတွင်း လုံလောက်အောင်လွှတ်ပေးခြင်းသည် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်**
- **ကျရောက်သောပိုးများနှင့် ကာကွယ်နှိမ်နင်းရမည့် ပိုးသတ်ဆေးအမျိုးအစားတို့ကို ကိုက်ညီအောင်ရွေးချယ်၍ သတ်မှတ်နှုန်းထားအတိုင်း မနက်စောစော (သို့မဟုတ်) ညနေခင်းအချိန်တို့တွင် ပက်ဖျန်းပေးသင့်သည်။ ဆေးမဖျန်းမီ ဆေးပုလင်း (သို့) ဆေးထုတ်ပေါ်ရှိ အညွှန်းကို သေချာစွာဖတ်ရှုလေ့လာပြီးမှ ပက်ဖျန်းရမည်**

# နီပေါ - မြန်မာ ဒီဂျစ်တယ်ကူးပြောင်းမှုဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

မြန်မာနိုင်ငံဆိုင်ရာ နီပေါသံရုံးမှ စီစဉ်ကျင်းပသော နီပေါ-မြန်မာ ဒီဂျစ်တယ် ကူးပြောင်းမှုဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၃၄) စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း မြန်မာနိုင်ငံဆိုင်ရာ နီပေါသံရုံးမှ စီစဉ်ကျင်းပသော နီပေါ-မြန်မာ ဒီဂျစ်တယ်ကူးပြောင်းမှုဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ဒီဂျစ်တယ်ကူးပြောင်းခြင်းဆိုင်ရာ အစီအစဉ်သည် ယခင်နှစ်များက နှစ်နိုင်ငံအကြား ဆောင်ရွက်ခဲ့သည့် ဒီဂျစ်တယ် ပူးပေါင်းဆောင်ရွက်မှုများ၏ အောင်မြင်မှုများအပေါ်အခြေခံပြီး ဆက်လက်ဖော်ဆောင်ခြင်း ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အနေဖြင့် Public Finance Management (PFM) Reform ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ဆွေးနွေးမည့် အစီအစဉ်များအနေဖြင့် PFM စနစ် ဆောင်ရွက်ချက်များကို ဒီဂျစ်တယ်နည်းပညာဖြင့် ခေတ်မီဆောင်ရွက် ထားရှိမှုများနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားမည် ဖြစ်သည့်အတွက် ဒီဂျစ်တယ်နည်းပညာသုံး PFM စနစ်အပေါ် လေ့လာနိုင်မည့် အခွင့်အလမ်းကောင်း တစ်ခုဖြစ်ပြီး ဒီဂျစ်တယ်နည်းပညာသုံး အသိပညာများကို ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများတွင် လက်တွေ့ပြန်လည်အသုံးချသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် နီပေါသံအမတ်ကြီး H.E Mr. Harischandra Ghimire က နှုတ်ခွန်းဆက်စကားပြောကြားပြီး နီပေါနိုင်ငံမှ ICT ကျွမ်းကျင်ပညာရှင်များက ဒီဂျစ်တယ်နည်းပညာဖြင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၉**

စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

နိုင်ငံများတွင် ကြုံတွေ့ရသော သင်ခန်းစာများအရ သိရှိနိုင်သည်။ ထိုဆိုးကျိုးများကို ကျော်လွှားနိုင်ရန်နှင့် ဝါသီးနှံရေရှည်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဖျက်ပိုးကာကွယ်နှိမ်နင်းရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုနည်းပါးစေပြီး ထိရောက်သော ကာကွယ်နှိမ်နင်းနည်းများ တွဲဖက်ပေါင်းစပ်ထားသည့် ဘက်စုံပိုးမွှားကာကွယ်ရေးစနစ်ကို အသုံးပြုပြီး ပိုးမွှားကျရောက်မှုကို ကာကွယ်နှိမ်နင်းရမည်ဖြစ်သည်။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းများစွာရှိသည့်အနက် အောက်ပါနည်းများမှာ တောင်သူများအတွက် လက်လှမ်းမီ၍ ဖြစ်နိုင်ခြေရှိသောကြောင့် လက်တွေ့ အသုံးပြုသင့်လှပေသည်–

**စိုက်ပျိုးနည်းစနစ်ပြုပြင်ပြောင်းလဲခြင်း**

သင့်တော်သည့် သီးနှံပုံစံနှင့် သီးနှံအလှည့်ကျ ပြောင်းလဲစိုက်ပျိုးခြင်းက စိုက်ပျိုးနည်းစနစ်ဖြင့် ကာကွယ်နှိမ်နင်းခြင်း၏ အဓိက နည်းလမ်းတစ်ခုဖြစ်သည်။ စောစောစိုက်ခြင်း၊ ထယ်ရေးနက်နက်ထိုးခြင်းတို့သည် မြေထဲရှိဖျက်ပိုးများ၏ ရုပ်ဖုံးအိမ်များကို ဖျက်ဆီးရာရောက်သည့်အပြင် ယင်းတို့ ပုန်းခိုရာ လက်ခံပင်များကို ရှင်းလင်းပြီးသား ဖြစ်စေသည်။

ရိတ်သိမ်းပြီးကျန်ရှိသော အပင်အကြွင်းအကျန်များနှင့် ဝါရိုးငုတ်များကို ခုတ်ထွင်ရှင်းလင်း၍ မီးရှို့ဖျက်ဆီးရန်လိုအပ်သည်။ ဝါသီးနှံကို လမိုင်းထားခြင်းသည် ဖျက်ပိုးများ ခိုအောင်းစားသောက်နေထိုင်ရန် လက်ခံပင်၏ သက်တမ်းကို ကြာရှည်စွာ တည်ရှိစေသဖြင့် မကျင့်သုံးသင့်သော နည်းစနစ်တခုဖြစ်သည်။

မြန်မြန်ရင့်မှည့်လွယ်သော သက်တမ်းတိုဝါများကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ရာသီနှောင်းပိုင်းတွင် စားသောက်ဖျက်ဆီးတတ်သော အင်းဆက်ပိုးများ၏ရန်မှ ရှောင်ရှားပြီးဖြစ်စေသည်။ ဖျက်ပိုးများ၏ လက်ခံလွှဲပင်များရှိသော ဒေသများတွင် ဝါမစိုက်ပျိုးသင့်ပါ။ နိုက်ထရိုဂျင်ဓာတ်မြေဩဇာကို လွန်ကဲစွာသုံးစွဲခြင်းသည် အပင်ဟုန်မှုကို ဖြစ်ပေါ်စေပြီး ဖြုတ်စိမ်းနှင့် ယင်ဖြူကျရောက်မှုကို အားပေးရာရောက်စေသည်။

ရေသွင်းစိုက်ပျိုးသော ဒေသများတွင် တင်သွင်းသောရေကို စောစီးစွာ ဖြတ်တောက်ပေးခြင်းဖြင့် ပန်းရောင်သီးလုံးဖောက်ပိုး၊ ယင်ဖြူစသည့် ဖျက်ပိုးများကျရောက်မှုကိုသက်သာစေပြီး မြေကြီးအတွင်း ဆောင်းခိုလေ့ရှိသော ဖျက်ပိုးဥ‌ီးရေကိုလည်း လျော့နည်းစေနိုင်သည်။

စိုက်ပျိုးနည်းစနစ်ဖြင့် ကာကွယ်နှိမ်နင်းရာတွင် အရေးပါသော နည်းစနစ်တစ်မျိုးမှာ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း မည်သည့်သီးနှံမျှ စိုက်ပျိုးခြင်းမပြုဘဲ သီးနှံမဲ့ကာလတစ်ခု (Closed season) သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံအချို့တွင် ဤကဲ့သို့ ရပ်နားချိန်ထားရှိရန် ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားရှိ ဆောင်ရွက်နေကြောင်း သိရှိရသည်။ စိုက်ပျိုးမည့်မြေအမျိုးအစားနှင့် ဝါမျိုးပေါ်မူတည်၍ သင့်တော်မည့် စိုက်တန်းစိုက်ကျင်းကို ရွေးချယ်စိုက်ပျိုးသင့်သည်။

သီးလှည့်စိုက်ပျိုးခြင်း၊ သီးညှပ်စိုက်ပျိုးခြင်း၊ သီးနှံတစ်မျိုးနှင့် တစ်မျိုးသီးဆက်စိုက်ပျိုးခြင်းတို့ကို ဒေသ၊ ရာသီဥတု၊ သီးနှံအမျိုးအစားနှင့် ဖျက်ပိုးအမျိုးအစားပေါ်မူတည်၍ မိမိဒေသနှင့် ကိုက်ညီမည့်စနစ်ကို ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်သည်။

**ခံနိုင်ရည်ရှိသော ဝါမျိုးများကို အသုံးပြုခြင်း**

ခံနိုင်ရည်ရှိသောဝါမျိုးများကို အသုံးပြုခြင်းသည် ကုန်ကျစရိတ်သက်သာပြီး ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းစေသည့် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ကြောင်း မည်သူမျှမငြင်းနိုင်ပါ။ ခံနိုင်ရည်ရှိသောမျိုးများ၏ ထူးခြားချက်မှာ ၎င်းတို့၏ ပြင်ပလက္ခဏာများသာမက အပင်ထဲတွင် ပါဝင်သော ဓာတ်ပစ္စည်းများ၏ ပါဝင်မှုအနည်းအများသည် ပိုးမွှားများ၏ ကြိုက်နှစ်သက်မှု၊ မျိုးပွားမှု၊ အသက်ရှင်နိုင်မှု၊ ကြီးထွားမှုအစရှိသည်များကို ဟန့်တားနှောင့်ယှက်စေနိုင်သည်။

ဖြုတ်စိမ်းပိုးသည် စုပ်စားပိုးအမျိုးအစားဖြစ်သည့်အတွက် ဝါရွက်၏ ရွက်မွှေးပါဝင်မှု အနည်းအများ၊ ရွက်မွှေးအရှည်၊ ဖယောင်းပါဝင်မှု၊ အရွက်အထူအပါး၊ အရွက်အရောင်တို့အပြင် အပင်ဆဲလ်များ၏မာကြောမှု၊ ထူထဲမှု၊ အရွက်ထဲရှိ အစိုဓာတ်ပါဝင်မှု အနည်းအများ၊ အရွက်၏ဧရိယာ၊ အပင်အမြင့်၊ ဆစ်ကြားအရှည်၊ ရိုးတံအရှည် အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

လက်တွေ့စမ်းသပ်ချက်များအရ ဖြုတ်စိမ်းပိုး၏ ကြိုက်နှစ်သက်မှု၊ မျိုးပွားမှု၊ အသက်ရှင်နိုင်မှုနှင့် ကြီးထွားမှုတို့သည် ရွက်မွှေးပါဝင်မှု အနည်းအများနှင့် များစွာဆက်စပ်မှုရှိကြောင်း တွေ့ရသည်။ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ဖြန့်ဖြူးပေးလျက်ရှိသည့် ရွှေတောင်(၈)၊ ငွေချည်(၉)၊ ရွှေတောင်(၁၀) အစရှိသော ဝါမျိုးများသည် စုပ်စားပိုးဒဏ်ကို အသင့်အတင့်ခံနိုင်ရည်ရှိကြောင်း တွေ့ရှိရသည်။

**အကျိုးပြုမိတ်ဆွေပိုးများကိုအသုံးပြုခြင်း**

ပိုးမွှားများ၏ သဘာဝရန်သူ၊ တောင်သူအကျိုးပြု မိတ်ဆွေပိုးများ၏တည်ရှိမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းခြင်း၊ ယင်းပိုးများ ကြိုက်နှစ်သက်မည့်အခြေအနေများ ဖန်တီးပေးခြင်း၊ အကျိုးပြုပိုးများအား အချိန်မီကြိမ်ဖန်များစွာ စိုက်ခင်းအတွင်း လုံလောက်အောင်လွှတ်ပေးခြင်းသည် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။ အဝါရောင်၊ အဖြူရောင်ပန်းပွင့်သည့် အပင်များကို စိုက်ခင်းပတ်ဝန်းကျင်နှင့် ကန်သင်းပေါ်တွင် စိုက်ပျိုးထားခြင်းဖြင့် အကျိုးပြုမိတ်ဆွေပိုးများကို ဆွဲဆောင်ရာရောက်သည်။ မြန်မာနိုင်ငံ၌ ဝါသီးနှံတွင် ကျရောက်သော ပိုးမွှားများ၏ သဘာဝရန်သူသားရဲနှင့် ကပ်ပါးမျိုးစိတ်ပေါင်းမှာ ၁၀၀ ခန့်ရှိကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ယင်းတို့အနက် အရေးပါသော မိတ်ဆွေပိုးများသည် လိပ်ခုံးပိုး၊ မျက်လုံးကြီး ဂျပိုး၊ သားရဲဂျပိုး၊ ဇာတောင်ပိုး၊ ပျစားယင်၊ နဂျယ်၊ ပုရွက်ဆိတ်နှင့် ပင့်ကူတို့ဖြစ် သည်။

**ပိုးသတ်ဆေးများအသုံးပြု၍ ကာကွယ်နှိမ်နင်းခြင်း**

ဘက်စုံပိုးမွှားကာကွယ်ရေးစနစ်တွင် ပိုးသတ်ဆေးများကို အသုံးပြုခြင်းသည် ယခုအချိန်အထိ ရှောင်လွှဲမရ အသုံးဝင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ စိုက်ခင်းအတွင်းရှိ ဖျက်ပိုးအရေအတွက်သည် စီးပွားရေးထိခိုက်စေနိုင်သည့် ပမာဏအထိများပြားလာပါက ပိုးသတ်ဆေးကို မဖြစ်မနေ ပက်ဖျန်းပေးရန်လိုအပ်သည်။ ဓာတုပိုးသတ်ဆေးများကို မှန်ကန်စွာအသုံးပြုပါက ပိုးမွှားကာကွယ်နှိမ်နင်းရာတွင် ထိရောက်မြန်ဆန်ပြီး စီးပွားရေးအရ အကျိုးကျေးဇူးများသည့်အတွက်တောင်သူဦးကြီးများ အဖို့ အားထားနေရသော နည်းလမ်းတစ်ခုဖြစ်သည်။

ပိုးမွှားကာကွယ်ရာတွင် ထိရောက်မှုရှိစေရန် ဝါပင်တွင် ကျရောက်ဖျက်ဆီးသောပိုးများ၏ သဘာဝနှင့် ဖျက်ဆီးမှုလက္ခဏာများကို သိရှိအောင် လေ့လာထားရန် လိုအပ်သည်။ မိမိစိုက်ပျိုးထားသော စိုက်ခင်းကို အပင်ပေါက်ရပြီးချိန်မှစ၍ အနည်းဆုံး တစ်ပတ်လျှင်တစ်ကြိမ် သွားရောက်ကာ ပိုးမွှားကင်းထောက်မှတ်တမ်းများကို စနစ်တကျကောက်ယူ၍ ပိုးမွှားကာကွယ်နှိမ်နင်းရေးကို မျက်ခြည်မပြတ် ဆောင်ရွက်ရန်လိုအပ်သည်။ အကယ်၍ ဖျက်ပိုးအရေအတွက်သည် စီးပွားရေးကျော်လွန်စည်း (ETL) သို့ ရောက်ရှိမှသာ သင့်တော်သည့် ပိုးသတ်ဆေးကို သတ်မှတ်နှုန်းထားအတိုင်း ဖျန်းပေးရမည်ဖြစ်သည်။

မစိုက်ပျိုးခင် မျိုးစေ့ကို အက်စစ်နှင့်ချွတ်၍ အင်မီဒါကလိုပရစ်နှင့် လူးနယ်စိုက်ပျိုးခြင်းသည် ဖြုတ်စိမ်းပိုးအပါအဝင် စုပ်စားပိုးများ ကျရောက်ခြင်းကို ၅၀ ရက်သားခန့်အထိ ကာကွယ်ပေးနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။ ပိုးသတ်ဆေးကို နှစ်မျိုးနှင့်အထက်ရောစပ်၍ အသုံးပြုခြင်း၊ တစ်မျိုးတည်းကို ကြိမ်ဖန်များစွာ ဆက်တိုက်အသုံးပြုခြင်းများကိုလည်း ရှောင်ရှားရန်လိုအပ်သည်။

အပင်ငယ်စဉ်တွင် ပိုင်ရီသရိုက်ကဲ့သို့ ပိုးသတ်ဆေးများကို ပက်ဖျန်းပါက စုပ်စားပိုးများ တစ်ဖန်ပွားများလာနိုင်သည့်အတွက် ရှောင်ရှားသင့်သည်။ စုပ်စားပိုးဖြစ်သည့်အတွက် ပင်လုံးပြန့် အာနိသင်ရှိသည့်အုပ်စုမတူသည့် ပိုးသတ်ဆေးများကို စနစ်တကျနှင့် အလှည့်ကျပက်ဖျန်းပေးသင့်သည်။ ထို့အပြင် တမာပိုးသတ်ဆေး၊ တမာဆီ၊ ဆေးရွက်ကြီးစိမ်ရည် အစရှိသည့် သဘာဝပိုးသတ်ဆေးများကို အလှည့်ကျ ပက်ဖျန်းခြင်းဖြင့် ဓာတုဆေးများကို ခံနိုင်ရည်ရှိမှု လျော့နည်း သက်သာစေရုံသာမက ပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သည်။

ကျရောက်သောပိုးများနှင့် ကာကွယ်နှိမ်နင်းရမည့်ပိုးသတ်ဆေးအမျိုးအစားတို့ကို ကိုက်ညီအောင်ရွေးချယ်၍ သတ်မှတ်နှုန်းထားအတိုင်း မနက်စောစော (သို့မဟုတ်) ညနေခင်းအချိန်တို့တွင် ပက်ဖျန်းပေးသင့်သည်။ ဆေးမဖျန်းမီ ဆေးပုလင်း (သို့) ဆေးထုတ်ပေါ်ရှိ အညွှန်းကို သေချာစွာဖတ်ရှုလေ့လာပြီးမှ ပက်ဖျန်းရမည်ဖြစ်သည်။

**ဥပဒေဖြင့် ကာကွယ်နှိမ်နင်းခြင်းအပိုင်းတွင်**

ပိုးသတ်ဆေးဥပဒေပြဋ္ဌာန်းခြင်း၊ လေဆိပ်၊ ရေဆိပ်၊ ကားဂိတ်နှင့် နယ်စပ်ဒေသများတွင် Quarantine Section များထားရှိ၍ နိုင်ငံအတွင်းသို့ ထိန်းချုပ်ပိုးမွှားရောဂါများ ဝင်ရောက်ခြင်းကို တားဆီးကာကွယ်နိုင်ခြင်းနှင့် အပင်ပိုးမွှားကာကွယ်ရေးဥပဒေပြဋ္ဌာန်းခြင်းတို့ဖြစ်သည်။

ဝါသီးနှံ ဘက်စုံပိုးမွှားကာကွယ်ရေးတွင် ပါဝင်သည့် အထက်ပါနည်းလမ်းများကို တစ်ခုတည်းအသုံးမပြုဘဲ သင့်လျော်ပြီး ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းများကို ဉာဏ်နှင့်ယှဉ်၍ သုံးစွဲသင့်ပါသည်။ အချိန်ကာလ၊ နေရာဒေသ၊ ပတ်ဝန်းကျင် အခြေအနေများနှင့် ကိုက်ညီအောင် စဉ်းစားချင့်ချိန်သုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်ရှိ သက်ရှိများအတွက် လုံခြုံစိတ်ချ၍ ဘေးအန္တရာယ်ကင်းကာ အထွက်ကောင်းဝါများရရှိပြီး တောင်သူများ ဝင်ငွေတိုးတက်ရရှိကြပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြအပ်ပါသည်။ ။

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာ မိုးနှမ်းအထွက်တိုးစံပြကွက် သိပ္ပံနှမ်းနက်စိုက်ခင်း ကွင်းဆင်းကြည့်ရှု

**မြို့သစ် ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ငွေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့က မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာအုပ်စု ရေပြည့်ကျေးရွာရှိ တောင်သူဦးခင်ရွှေ၏ မိုးနှမ်းအထွက်တိုး စံပြကွက်သိပ္ပံနှမ်းနက် ၁၀ ဧက စိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် မြေပြင်သာကျေးရွာရှိ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် သွားရောက်တွေ့ဆုံပြီး ဆရာ ဆရာမများအတွက် ဆန်၊ ဆီနှင့် ကုလားပဲ၊ ကျောင်းသား ကျောင်းသူများအတွက်ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ကာ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် မွေးမြူရေးအတတ်ပညာဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် (Top 6 နှင့် Top 7) ရရှိခဲ့သည့် ကျောင်းသားနှစ်ဦးအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် နတ်မောက်ဆည်ရေသောက်စနစ်မှ မိုးစပါး၊ နွေစပါးနှင့် နွေနှမ်းဧက စုစုပေါင်း ၂၀၀၀၀ ကျော်အတွက် ရေပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## ကချင်ပြည်နယ်ဝန်ကြီးချုပ် အင်ဂျန်းခ ရေထိန်းတံခါးတည်ဆောက်ပြီးစီးမှုနှင့် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၉**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့က မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်း ဆုတောင်းပြည့်စေတီတော်ဆိပ်ကမ်းမှ စီတာပူရပ်ကွက် အင်ဂျန်းခချောင်းအထိ အရှည်ပေ ၅၀၀ ရှိ ကျောက်စီမြေထိန်းတမံနှင့် ကမ်းနားလမ်းဆောင်ရွက်ပြီးစီးမှု၊ အင်ဂျန်းခရေထိန်းတံခါး တည်ဆောက်ပြီးစီးမှုနှင့် မြစ်ရေမြင့်တက်လာသဖြင့် ရေတံခါးများ လုပ်ဆောင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ လယ်ကုန်း-ကြက်ပေါင်ခြံ ရပ်ကွက်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်လေ့ရှိသဖြင့် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် လယ်ကုန်း-ဇီးလွန်ရေဝင်ပေါက်အား သဲအိတ်များဖြင့် ယာယီပိတ်ဆို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် စိုးရိမ်ရေအမှတ် ၁၂၀၀ စင်တီမီတာ အထက် ၁၃၀၀ စင်တီမီတာအထိ ကာကွယ်နိုင်ရေး မြစ်ကမ်းတစ်လျှောက် အလျားပေ ၁၃၇၈၀ အား Geotube တာဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ညနေပိုင်းတွင် ၂၀၂၆ ခုနှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဖုန်အလိုက် အမျိုးသားဘောလုံးပြိုင်ပွဲနှင့် ဖူဆယ်အားကစားပြိုင်ပွဲတို့တွင် အသင်းလိုက် ရွှေတံဆိပ်ဆုရရှိခဲ့ပြီး အကောင်းဆုံးကစားသမားဆုများရရှိခဲ့သော ကျောင်းသားများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ငွေတစ်ခုရရှိခဲ့သော ကချင်ပြည်နယ်ရေကူးအသင်းအား ဂုဏ်ပြုချီးမြှင့်အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**




## ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များနှင့် ဆရာ ဆရာမများအတွက်ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပဲခူးမြို့ အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းဆောင်များ၊ တည်ဆောက်မည့် Site Plan များကို လည်းကောင်း၊ ခမရ(၁၀၅)၊ ခမရ(၁၀၇) အခြေခံပညာ မူလတန်းလွန်ကျောင်းတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခမရ(၁၀၅)၊ ခမရ(၁၀၇) အခြေခံပညာမူလတန်းလွန်ကျောင်းများမှ မူလတန်းအောက်ဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောပိုးလွယ်အိတ်များနှင့် စာရေးကိရိယာများ၊ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ လှည်းကူး အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

◆ *ရှေ့ဖုံးမှ*

“(၁၉)ကြိမ်မြောက် မျက်စိအလင်းအလှူကို ၇ လပိုင်းမှာသော်လည်းကောင်း၊ ၈ လပိုင်းမှာ သော်လည်းကောင်း အဆင်ပြေတဲ့ရက်မှာ ပြုလုပ်ပေးမှာဖြစ်ပါတယ်။ ဒါကြောင့် (၁၉)ကြိမ်မြောက် မျက်စိအလင်းအလှူအတွက် စာရင်းလာပေးလို့ရပါတယ်။ မျက်စိကုသပေးမယ့် ရက်အတိအကျကို ပြန်ကြေညာပေးပါ့မယ်”ဟု သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်) မှ အသိပေးထားသည်။

**ပြန်လည်စစ်ဆေးပေးမည်**

သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၁၈)ကြိမ်မြောက်မျက်စိအလင်းအလှူကို ဇွန် ၉ ရက်မှ ၁၄ ရက်အထိ စမ်းသပ်စစ်ဆေးခြင်း၊ ခွဲစိတ်ကုသပေးခြင်းများ ပြုလုပ်ပေးရာ စမ်းသပ်စစ်ဆေးလူနာ ၁၂၅၇ ဦး၊ ခွဲကုလူနာ ၄၇၆ ဦးနှင့် လေဆာပစ်ကု ၄၅ ဦးတို့ကို ကုသပေးနိုင်ခဲ့ပြီး၊ (၁၈) ကြိမ်မြောက်တွင် မျက်စိခွဲစိတ်ကုသမှုခံယူထားကြသည့် မျက်စိဝေဒနာရှင် ၅၀၀ ကျော်ကိုလည်း ဇူလိုင် ၁၀ ရက်တွင် တစ်လပြည့်အနေဖြင့် ဆရာဝန်ကြီးများက ပြန်လည်စစ်ဆေးပေးမည်ဟု အဆိုပါဆေးရုံမှ ကြေညာထားသည်။

သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်) ၏ ပထမအကြိမ်မှ (၁၈) ကြိမ်မြောက် မျက်စိအလင်းအလှူအထိ မျက်စိဝေဒနာရှင်စမ်းသပ်လူနာ ၂၆၇၂ ဦး၊ ခွဲကုလူနာ ၇၀၄၅ ဦးနှင့်လေဆာပစ်ကု ၄၃၉ ဦးကို စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **MT**



သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်) ၌ (၁၈) ကြိမ်မြောက်မျက်စိအလှူအတွက် လာရောက်ကုသသည့် မျက်စိဝေဒနာရှင်များအား တွေ့ရစဉ်။

## “ အချစ်ည ရင်ခုန်သံ ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇူလိုင် ၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ဇူလိုင် ၁၀ ရက် သောကြာနေ့ ညပိုင်းတွင် “အချစ်ည ရင်ခုန်သံ” တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့် ပြသမည်ဖြစ်သည်။




“အချစ်ည ရင်ခုန်သံ ” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင် ပူစူးနှင့်လိမ္မော်သီး၊ နာမည်ရ တေးသံရှင်များဖြစ်ကြသည့် ဈာန်ထူး၊ နက်ရှိုင်းကို၊ ကောင်းဆက်၊ ရေဂျီးနား၊ လွန်းရွှေရည်သာနှင့် မြင့်မြတ်ကျော်တို့က မိုးည၏ လေပြေအေးလေးများနှင့်အတူ စိတ်နှလုံးကို အေးချမ်းစေမည့် ရင်ခုန်သံများ ထပ်တူကျစေမည့် အချစ်သီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ ဇူလိုင် ၁၀ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇူလိုင် ၁၂ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## AYA Scholarship (ရောပညာသင်ဆု) အတွက် ထူးချွန်ကျောင်းသား ကျောင်းသူများအား ရွေးချယ်ချီးမြှင့်မည်

**ရန်ကုန် ဇူလိုင် ၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၅၀ အား ရွေးချယ်၍ AYA Scholarship (ရောပညာသင်ဆု) ရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း ဧရာဝတီဖောင်ဒေးရှင်းမှ ထုတ်ပြန်ထားသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအတွက် လူမှုအကျိုးပြုစိတ်ဓာတ်ရှိသော လူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ AYA Scholarship အစီအစဉ်ကို ဆောင်ရွက်လျက်ရှိကြောင်း အသိပေးထားသည်။

ယခု ပညာသင်နှစ်တွင်လည်း ဧရာဝတီဖောင်ဒေးရှင်းမှ သတ်မှတ်ထားသော အရည်အချင်းများနှင့် ကိုက်ညီသည့် ထူးချွန်ကျောင်းသား ကျောင်းသူ ၅၀ အား ရွေးချယ်၍ တက္ကသိုလ်ကျောင်းတက်နေစဉ် ကာလတစ်လျှောက်လုံးအတွက် ပညာသင်စရိတ်အဖြစ် လစဉ် ငွေကျပ်သုံးသိန်းနှင့်အတူ သင်ထောက်ကူပစ္စည်းများအတွက် ထောက်ပံ့ကြေး နှစ်စဉ် ငွေကျပ်ငါးသိန်းကို ထောက်ပံ့ချီးမြှင့်သွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

ရောပညာသင်ဆု လျှောက်ထားရန် အရည်အချင်းသတ်မှတ်ချက်များကို https://www.ayeyarwadyfoundation.org/AYA Scholarship pdf ရယူနိုင်ပြီးသတ်မှတ်ထားသော Scholarship လျှောက်လွှာပုံစံကို ပြည့်စုံစွာ ဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ လျှောက်လွှာတွင်ပါဝင်သော ဧရာဝတီဖောင်ဒေးရှင်း ရုံးခန်းလိပ်စာသို့ အောက်တိုဘာ ၃၁ ရက်မတိုင်ခင်ထိ ပေးပို့လျှောက်ထားနိုင်ကြောင်း ကြေညာထားသည်။ **MT**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁၁ - ၇ - ၂၀၂၆ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈)၊ အမှတ် (၂၈)တွင်** စိတ်ထားဖြူစင်၍ ရိုးသားကြိုးစားသူနှင့် ဒေါသကြီးပြီး သူတစ်ပါးအပေါ် အနိုင်ယူလိုသူတို့ကို ရေဖြင့် ဥပမာပေး၍ သရုပ်ဖော်ထားသည့် “ရေကြည်နှင့် ရေနောက်” မျက်နှာဖုံးကာတွန်း၊ ပုံမှန်ရေလှိုင်းများထက် အဆမတန်မြင့်မားပြီး မမျှော်လင့်ဘဲ ပေါ်ထွက်လေ့ရှိသော လှိုင်းကြီးများအကြောင်း ရေးသားထားသည့် “ပုံမှန်မဟုတ်သည့် အင်အားပြင်းလှိုင်း (Rogue Wave)” သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် ရွှေသွေးတို့လက်ရာကဏ္ဍ၊ သူတစ်ပါး၏ပစ္စည်းကို ခွင့်မတောင်းဘဲ မယူသင့်ပုံကို နားလည်သွားသော ထူးထူးအကြောင်း သရုပ်ဖော်ထားသည့် “သင်ခန်းစာ” နှစ်မျက်နှာကာတွန်း၊ ညအချိန်မှသာ အစာရှာထွက်လေ့ရှိသော ဇီးကွက်ငှက်အကြောင်း ရေးသားထားသည့် “မျက်ပြဲဇီးကွက် ကိုဇီးကွက်” ဝတ္ထုကဏ္ဍ၊ သကြားလုံး၏ အင်္ဂလိပ်ဝေါဟာရများအကြောင်း သရုပ်ဖော်ထားသည့် “ပေါ်ဆန်း” တစ်မျက်နှာ ဟာသကာတွန်းနှင့် နွေမိုးဒဏ်ကို ကာကွယ်ပေးသည့် ထီးကလေး၏ အသုံးဝင်ပုံအကြောင်း ရေးစပ်ထားသည့် ဆရာမင်းရွှေမိုး၏ “ထီးကလေး”




ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။**သတင်းစဉ်**

## သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၉**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

✽ *ကျောဖုံးမှ*

များက သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူ စောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ဧပြီ ၂၀ ရက်မှ ဇူလိုင် ၇ ရက်အထိ တိုင်းဒေသကြီးအတွင်းရှိ ထန်းတပင်၊ အင်းစိန်၊ လှိုင်သာယာ(အရှေ့ပိုင်း)၊ လှိုင်သာယာ(အနောက်ပိုင်း)၊ သဃ်န်းကျွန်း၊ ဗိုလ်တထောင်၊ ဒေါပုံ၊ သာကေတ၊ လသာ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ပန်းဘဲတန်း၊ လမ်းမတော်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ ကမာရွတ်နှင့် ဗဟန်းမြို့နယ်တို့၌ အမှုစုစုပေါင်း ၁၁၇ မှုနှင့် ကျူးလွန်သူတရားခံကျား ၉၄ ဦး၊ မ ငါးဦး စုစုပေါင်း ၉၉ ဦးတို့ကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ပြီး ခါးပိုက်နှိုက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် သက်သေခံပစ္စည်းများဖြစ်သော လက်ကိုင်ဖုန်းအလုံး ၁၄၀ နှင့် ငွေကျပ် ၆၅၇၀၀၀၀ တို့အား သိမ်းဆည်းရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်စေရေးအတွက် ခရိုင်များအလိုက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း၊ သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ ပို့ဆောင်၍ ငွေကြေးအကျိုးအမြတ်ရယူရန် ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်

**နေပြည်တော် ဇူလိုင် ၉**

အမျိုးသမီးငယ်ကို တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ပို့ဆောင်၍ ငွေကြေးအကျိုးအမြတ်ရယူရန် ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ်၂၀ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရိုးလေး(ငြိမ်းချမ်း)ကျေးရွာနေ မ----၊(၂၁)နှစ် သည် ၂၀၂၅ ခုနှစ်၊ ဇွန်လခန့်က ညီမဖြစ်သူတွင် မျက်စိတိမ်စွဲရောဂါရှိသဖြင့် ရေမန်းဖြင့်ကုသရန် မြသန္တာခိုင်(လိပ်စာတူ)ထံတွင် ကုသခဲ့ရာမှ ခင်မင်ရင်းနှီးခဲ့ကြောင်း၊ အမျိုးသမီးငယ်မှ မိသားစုအခက်အခဲနှင့် အကြွေးများရှိကြောင်းပြောပြခဲ့ရာ မြသန္တာခိုင်က တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ရမည်၊ လမ်းစရိတ် ကုန်ကျခံပို့ပေးမည်၊ တစ်နှစ်ပေါင်းသင်းနေထိုင်ရမည်ဟု ပြောဆိုစည်းရုံးခဲ့ကြောင်း။

ထို့နောက် မြသန္တာခိုင်နှင့် ခင်မြကျော်(လိပ်စာတူ)တို့ နှစ်ဦးက အမျိုးသမီးငယ်၏ နေအိမ်သို့ရောက်ရှိလာပြီး မနန်း (စိစစ်ဆဲ) ဆိုသူကို ငွေကျပ်သိန်း ၁၅၀ ပေးရန် ပြောထားကြောင်းနှင့် အမျိုးသမီးငယ်၏ဓာတ်ပုံအား မနန်းထံသို့ပို့ခဲ့ကြောင်း၊ အမျိုးသမီးငယ်က ညီမဖြစ်သူ ဆေးကုသရန်အတွက် ခင်မြကျော်ထံမှ ငွေကျပ်ခြောက်သိန်း ထုတ်ယူခဲ့ကြောင်း၊ ရန်ကုန်မှ မန္တလေးသို့ မြသန္တာခိုင်၊ ခင်မြကျော်တို့နှင့်အတူ သွားရောက်ခဲ့ပြီး မန္တလေးမှ မူဆယ်သို့ တစ်ဦးတည်းသွားရောက်ရန် ၎င်းတို့စီစဉ်ပေးသည့် အငှားယာဉ်ဖြင့် လိုက်ပါလာခဲ့ခြင်းဖြစ်ကြောင်း စိစစ်ပေါ်ပေါက်ခဲ့သဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး) မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပုသိမ်ကြီး မြို့နယ်အုန်းချောနယ်မြေရဲစခန်း(ပ)၃၆/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၇ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ တရားခံ မြသန္တာခိုင်နှင့် ခင်မြကျော်တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)ဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ်၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သြစတြေးလျက နျူကလီးယားစွမ်းအင်အတွက် အိန္ဒိယသို့ ယူရေနီယံတင်ပို့မည်

**မဲလ်ဘုန်း ဇူလိုင် ၉**



သြစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစီနှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့သည် ဇူလိုင် ၉ ရက်က သဘောတူညီချက်တစ်ရပ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူညီချက်အရ သြစတြေးလျနိုင်ငံက နျူကလီးယားစွမ်းအင်အတွက် အသုံးပြုမည့် ယူရေနီယံကို အိန္ဒိယနိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိနျူကလီးယားပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အောက်တွင် ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် အသုံးပြုရန်အိန္ဒိယသို့ယူရေနီယံတင်ပို့မည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်းအယ်လ်ဘာနီးစီက ဇူလိုင် ၉ ရက်က မဲလ်ဘုန်းမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် သြစတြေးလျ - အိန္ဒိယ ထိပ်သီး အစည်းအဝေးတွင် ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် သြစတြေးလျနိုင်ငံသို့ သုံးရက်ကြာ တရားဝင်ခရီးစဉ်ဖြင့် လာရောက်ခြင်းဖြစ်ပြီး ဇူလိုင် ၈ ရက် ညပိုင်းတွင် ရောက်ရှိခဲ့သည်။ နျူကလီးယား စွမ်းအင်ဆိုင်ရာ သဘောတူညီချက်သည် အရေးပါပြီး အိန္ဒိယနိုင်ငံ၏ သန့်ရှင်းသော စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရိုန်အဟုန်သစ်တစ်ရပ်ဖြစ်စေမည်ဟု မိုဒီက ပြောကြားသည်။

**ဆင်ဟွာ**

# ပေါ်တူဂီသို့ ပြီးခဲ့သည့်နှစ်က နိုင်ငံတကာခရီးသွား သန်း ၃၀ နီးပါး လာရောက်

**လစ္စဘွန်း ဇူလိုင် ၉**

ပေါ်တူဂီနိုင်ငံသို့ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတကာခရီးသွား ၂၉ ဒသမ ၉ သန်း လာရောက်ခဲ့ပြီး ယင်းအရေအတွက်မှာ ၂၀၂၄ ခုနှစ်ကထက် ၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အမျိုးသားစာရင်းအင်းဌာနက ဇူလိုင် ၉ ရက်တွင် ထုတ်ပြန်သည်။

စပိန်နိုင်ငံသည် စုစုပေါင်းခရီးသည်ဝင်ရောက်မှု၏ ၂၃ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အဓိကခရီးသွားအရင်းအမြစ်ဈေးကွက်အဖြစ် ဆက်လက်ရပ်တည်နေသော်လည်း လာရောက်သူ အရေအတွက်မှာ ၀ ဒသမ ၆ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိရသည်။ ယင်းနောက်တွင် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က အစဉ်လိုက်ရပ်တည်လျက်ရှိသည်။

**ဆင်ဟွာ**

# ဗင်နီဇွဲလား၌ ငလျင်ဒဏ်သင့်ပြည်သူများ အရေးပေါ်အကူအညီ လိုအပ်နေ

**ကရာကတ် ဇူလိုင် ၉**

အင်အားပြင်း ငလျင်လှုပ်ခတ်ပြီး သီတင်းနှစ်ပတ်ခန့် အကြာတွင် ဗင်နီဇွဲလားနိုင်ငံ၌ ငလျင်ကြောင့် သေဆုံးသူဦးရေ ၃၈၀၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတက ထိခိုက်နစ်နာသူများအား ကူညီထောက်ပံ့ပေးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြု ပြောကြားခဲ့သည်။ နိုင်ငံတကာမှ လူပုဂ္ဂိုလ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ကာရေဘီယံပင်လယ် ကမ်းရိုးတန်းတစ်လျှောက် ထိခိုက်နစ်နာမှုအများဆုံးဖြစ်သည့် ဒေသများသို့ အကူအညီများ စတင်ပို့ဆောင်လျက်ရှိသည်။

ဇွန် ၂၄ ရက်တွင် ပြင်းအား ၇ မဂ္ဂနီကျူကျော်ရှိသည့် ငလျင်နှစ်ကြိမ် ဗင်နီဇွဲလားနိုင်ငံ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ လူအများအပြား ပျောက်ဆုံးနေဆဲဖြစ်သည်။ ဗင်နီဇွဲလားအစိုးရက ငလျင်ကြောင့် လူပေါင်း ၁၈၀၀၀ ခန့် အိုးအိမ်များဆုံးရှုံးခဲ့သည်ဟု ပြောသည်။ ငလျင်ဗဟိုချက်မှ ကီလိုမီတာ ၁၆၀ ခန့်အကွာရှိ မြို့တော်ကရာကတ်တွင်ပင် ငလျင်လှုပ်ခတ်မှုကို ခံစားခဲ့ရပြီး တိုက်ခန်းတစ်ခန်း ပြိုကျခဲ့ရာ ခုနစ်ဦး သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်၌ ရေကြီးမှုကာကွယ်ရေး ရေတားနံရံစီမံကိန်းစတင်

**ကဘူးလ် ဇူလိုင် ၉**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း လိုဂါပြည်နယ် အဇရာခရိုင်၌ ရေကြီးမှုကာကွယ်ရန် ရေတားနံရံနှစ်ခုကို စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးရုံးက ဇူလိုင် ၉ ရက်တွင် ပြောကြားသည်။

အဆိုပါစီမံကိန်းသည် အမေရိကန်ဒေါ်လာ ၃၆၇၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး ခြောက်လအတွင်း အပြီးသတ်ဆောင်ရွက်ရန် စီစဉ်ထားသည်။ ရေတားနံရံများ ဆောက်လုပ်ပြီးစီးပါက လယ်ယာမြေများ၊ လူနေအိမ်များနှင့် အများပြည်သူသုံး အဆောက်အအုံများကို ရေကြီးမှုဒဏ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

**ဆင်ဟွာ**

# ဗြိတိန်၌ အပူလှိုင်းကြောင့် နေထိုင်မကောင်းသူ ၁၅ သန်းကျော်ရှိ

**လန်ဒန် ဇူလိုင် ၉**

ဗြိတိန်နိုင်ငံတစ်ဝန်း၌ မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် အပူလှိုင်းများအတွင်း လူပေါင်း ၁၅ သန်းကျော် နေထိုင်မကောင်းခံစားခဲ့ရကြောင်း End Fuel Poverty Coalition က ဇူလိုင် ၈ ရက်တွင် ထုတ်ပြန်သည့် သုတေသနပြုချက်အရ သိရသည်။

သုတေသနပြုချက်အရ အရွယ်ရောက်ပြီးသူ ၂၈ ရာခိုင်နှုန်းသည် အပူလှိုင်းများကြောင့် နေထိုင်မကောင်းဖြစ်ကာ မအီမသာခံစားရကြောင်း ဖော်ပြထားသည်။ ထို့ပြင် ၄၇ ရာခိုင်နှုန်းသည် ငွေရေးကြေးရေးအခက်အခဲများကို ရင်ဆိုင်ခဲ့ရပြီး မသန်စွမ်းသူ ၄၄ ရာခိုင်နှုန်းမှာ ပြင်းထန်သည့် အပူချိန်များကြောင့် နေမကောင်းဖြစ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဆိုမာလီယာတောင်ပိုင်း၌ အယ်ရှာဘတ်စစ်သွေးကြွ ၁၆ ဦး သေဆုံး

**မိုဂါဒစ်ရှူး ဇူလိုင် ၉**

ဆိုမာလီယာအမျိုးသားတပ်မတော်၏ ဒါနက်ဘ်တပ်မဟာသည် ဂျူဘာလန်းပြည်နယ်မှ ဒေသဆိုင်ရာတပ်ဖွဲ့များ၏ အထောက်အပံ့ဖြင့် ဆိုမာလီယာနိုင်ငံ တောင်ပိုင်း၌ စစ်ဆင်ရေးတစ်ခုဆောင်ရွက်ခဲ့ရာ ခေါင်းဆောင်နှစ်ဦးနှင့် အယ်ရှာဘတ်စစ်သွေးကြွ ၁၆ ဦး သေဆုံးကြောင်း သိရသည်။

ဘဂ္ဂဒက်ဒေသ၌ အဆိုပါစစ်ဆင်ရေးဆောင်ရွက်ခဲ့ကြောင်း ဇူလိုင် ၈ ရက် ညနေထုတ်ပြန်ချက်တွင် ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြထားပြီး စစ်ဆင်ရေးအတွင်း တိုက်ခိုက်မှုများတွင် အသုံးပြုခဲ့သည့် လက်နက်များနှင့် စစ်ဘက်ဆိုင်ရာပစ္စည်းကိရိယာများကိုလည်း တပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

## ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

နာမည်ကြီး စပိန်နဲ့ ဘယ်လ်ဂျီယံအသင်းတို့ရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်ကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ပရိသတ်စိတ်ဝင်စားမှု မြင့်မားပြီး ပြိုင်ဆိုင်မှုပြင်းထန်လာမယ့်ပွဲစဉ် ဖြစ်တာကြောင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်**

စပိန် - ဘယ်လ်ဂျီယံ နံနက် ၁း၃၀

SAT JULY 11

# ခံစစ်မာကျောကျစ်လျစ်တဲ့ စပိန်နဲ့ တိုက်စစ်ထက်မြက်တဲ့ ဘယ်လ်ဂျီယံတို့ရဲ့အားပြိုင်မှု ဘယ်လိုဖြစ်လာမလဲ...



## စပိန် VS ဘယ်လ်ဂျီယံ

ဖလားဆွတ်ခူးနိုင်ခြေမြင့်မားနေတဲ့ စပိန်က ခံစစ်ပိုင်းကျစ်လျစ်မှုနဲ့ ဂိုးသမား အူနိုင်းဆီမွန် လက်စွမ်းပြ ကာကွယ်ထားနိုင်မှုတို့ကြောင့် ငါးပွဲဆက်တိုက် ပေးဂိုးခွင့်ပြုထားရခြင်း မရှိသေးဘူး။ ဘယ်လ်ဂျီယံက အစပိုင်းပွဲစဉ်တွေမှာ ရုန်းကန်ခဲ့ရပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ သွင်းဂိုးတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ခြေစွမ်းပြနေတဲ့ အသင်းဖြစ်တယ်။ အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိပေမယ့် နောက်တစ်ဆင့်ကို လူငယ်ကစားသမားတွေရဲ့ ရုန်းအားနဲ့ စပိန်အသင်း တက်လှမ်းသွားဖွယ်ရှိတယ်။



**ယာမဲလ် (တောင်ပံတိုက်စစ် - စပိန်)**

- ဂိုးသွင်းနိုင်မှုအပြင် ဂိုးဖန်တီးမှုမှာပါ ထူးချွန်ခြင်း။
  **ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၁ ကြိမ်**

**အိုရာဇာဘယ် (တောင်ပံတိုက်စစ် - စပိန်)**

- ပြိုင်ဘက်ဧရိယာအတွင်း တုံ့ဆိုင်းမှုမရှိ ဂိုးသွင်းယူနိုင်ခြင်း။
  **ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၅ ကြိမ်**

**လူကာကူ (တိုက်စစ် - ဘယ်လ်ဂျီယံ)**

- တိုက်စစ်စွမ်းဆောင်ရည်ပြည့်ဝပြီး အဆုံးသတ်သေချာခြင်း။
  **ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၄ ကြိမ်**

**ထရော့ဆတ်ဒ် (ခံစစ် - ဘယ်လ်ဂျီယံ)**

- နေရာစုံလိုက်ပါကစားနိုင်ပြီး ဂိုးသွင်းယူနိုင်ခြင်း။
  **ကမ္ဘာ့ဖလားသွင်းဂိုး + ဂိုးဖန်တီးမှု - ၄ ကြိမ်**

**ကမ္ဘာ့ဖလားမှာ သုံးကြိမ်မြောက် တွေ့ဆုံမှု**

စပိန်နဲ့ ဘယ်လ်ဂျီယံအသင်းတို့ရဲ့ ယခုအကြိမ်တွေ့ဆုံမှုမှာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် သုံးကြိမ်မြောက် တွေ့ဆုံမှု ဖြစ်ပါတယ်။ ၁၉၈၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှာ ဘယ်လ်ဂျီယံက ပယ်နယ်တီအဆုံးအဖြတ် ငါးဂိုး-လေးဂိုးနဲ့ နိုင်ပွဲရရှိထားတယ်။ ဒါပေမယ့် ဒီနှစ်သင်း ၁၉၉၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်မှာ ထပ်မံတွေ့ဆုံခဲ့ရာမှာတော့ စပိန်က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲပြန်လည်ရရှိအောင် စွမ်းဆောင်ထားတယ်။

**စပိန်အသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ**

| | | | |
|---|---|---|---|
| **အုပ်စုပွဲစဉ် ရလဒ်များ** | | | |
| စပိန် | ၀-၀ | ကိတ်ဗာဒီ | ဇွန် ၁၅ |
| စပိန် | ၄-၀ | ဆော်ဒီအာရေဗျ | ဇွန် ၂၁ |
| ဥရုဂွေး | ၀-၁ | စပိန် | ဇွန် ၂၇ |
| **၃၂ သင်းအဆင့် ရလဒ်** | | | |
| စပိန် | ၃-၀ | သြစတြီးယား | ဇူလိုင် ၃ |
| **၁၆ သင်းအဆင့် ရလဒ်** | | | |
| ပေါ်တူဂီ | ၀-၁ | စပိန် | ဇူလိုင် ၇ |

**ဘယ်လ်ဂျီယံအသင်း ပြိုင်ပွဲတစ်လျှောက် ဖြတ်သန်းမှုများ**

| | | | |
|---|---|---|---|
| **အုပ်စုပွဲစဉ် ရလဒ်များ** | | | |
| ဘယ်လ်ဂျီယံ | ၁-၁ | အီဂျစ် | ဇွန် ၁၆ |
| ဘယ်လ်ဂျီယံ | ၀-၀ | အီရန် | ဇွန် ၂၂ |
| နယူးဇီလန် | ၁-၅ | ဘယ်လ်ဂျီယံ | ဇွန် ၂၇ |
| **၃၂ သင်းအဆင့် ရလဒ်** | | | |
| ဘယ်လ်ဂျီယံ | ၃-၂ | ဆီနီဂေါ | ဇူလိုင် ၂ |
| **၁၆ သင်းအဆင့် ရလဒ်** | | | |
| အမေရိကန် | ၁-၄ | ဘယ်လ်ဂျီယံ | ဇူလိုင် ၇ |

■ မိုးဇက် - စုစည်းသည်

## မော်လမြိုင်တက္ကသိုလ် ဥပဒေကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်း လေ့လာ

**မော်လမြိုင် ဇူလိုင် ၉**

မော်လမြိုင်တက္ကသိုလ် ဥပဒေပညာအထူးပြု ပထမနှစ်နှင့် ပဉ္စမနှစ်



ကျောင်းသား ကျောင်းသူ ၁၀၇ ဦးသည် ပါမောက္ခ(ဌာနမှူး)နှင့် ကြီးကြပ်ဆရာ ဆရာမများနှင့်အတူ တရားခွင်လက်တွေ့လေ့လာရေးအတွက် ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် တရားလွှတ်တော်သို့ ရောက်ရှိရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ငွေးမြင့်အေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းသူများသည် ပြည်နယ်တရားလွှတ်တော်အတွင်း တရားစီရင်နေမှုများနှင့် တရားခွင်လက်တွေ့လုပ်ငန်းများ၊ ပြတိုက်များကို လေ့လာခဲ့ကြသည်။

ထို့နောက် မော်လမြိုင် ခရိုင်တရားရုံး၊ မော်လမြိုင် မြို့နယ်တရားရုံးများတွင် တရားစီရင်နေမှုနှင့် တရားခွင်လက်တွေ့လုပ်ငန်းများကို လေ့လာခဲ့ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

## ရတနာပုံတက္ကသိုလ်၌ အခွန်ဆိုင်ရာအသိပညာပေး လူထုလှုပ်ရှားမှုပြုလုပ်

**မန္တလေး ဇူလိုင် ၉**

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)က ကြီးမှူးကျင်းပသော အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှု အစီအစဉ်ကို ယနေ့တွင် အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ပြုလုပ်ရာ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅) ဌာနမှူး ညွှန်ကြားရေးမှူး ဦးပိုင်စိုးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးက အခွန်အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို



မေးမြန်းခြင်း၊ အခွန်ဆိုင်ရာ မေးမြန်းခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သက်ထက်**



## ရွှေတောင်မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရွှေတောင် ဇူလိုင် ၉**

ရွှေတောင်မြို့နယ်၌ မိုးရာသီ မြို့နယ်အဆင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ ရက်က ကသစ်တိုင်းအုပ်စု စမ်းကျေးရွာ၌ ကျင်းပရာ သစ်ပင်စိုက်ပွဲသို့ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကသစ်တိုင်းအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ၊ စမ်းကျေးရွာမူလတန်းလွန်ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပျိုးပင် ၃၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

## ကြာအင်းဆိပ်ကြီးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၉**

ကြာအင်းဆိပ်ကြီးမြို့နယ်၌ ယနေ့နံနက်ပိုင်းက (နတ်ချောင်းကမ်းနား) မူလွန်ကျောင်း၌ မြို့နယ်လဝကရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်လဝကဦးစီးမှူး၊ ခရိုင်ပညာရေးမှူးတို့က လာရောက်ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူ ၁၀၈ ဦးအား ကတ်ပြားများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**





## ဖျာပုံမြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဖျာပုံ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင်သစ်တောဦးစီးဌာနက ဦးဆောင်၍ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က အမှတ်(၁၈)ရပ်ကွက် ကန်တော်ကြီးကန်ပေါင်၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ပျိုးပင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများထံ ပေးအပ်ရာ တက်ရောက်လာသူများက ကံ့ကော်၊ ခရေ၊ ငုရွှေဝါ၊ စိန်ပန်း၊ ဗာဒံနှင့် ရေတမာ၊ ပျဉ်းမ စသော သစ်မျိုးခုနစ်မျိုး စုစုပေါင်း ၅၃၁ ပင်ကို သတ်မှတ်နေရာများတွင် စိုက်ပျိုးကြသည်။ **ခရိုင်(ပြန်/ဆက်)**

## အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးလူထုလှုပ်ရှားမှု ကျင်းပ

**မန္တလေး ဇူလိုင် ၉**

အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဘုန်းမြတ်**





## ပေါင်မြို့နယ်၌ ရထားလမ်းကူးများ စနစ်တကျရှိစေရေး ကွင်းဆင်းစစ်ဆေး

**ပေါင် ဇူလိုင် ၉**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ရထားလမ်းတစ်လျှောက် ရထားလမ်းကူးများတွင် မောင်းတံဂိတ်များ တပ်ဆင်ထားရှိမှုနှင့် တရားမဝင်လမ်းကူးများ ပိတ်သိမ်းထားရှိမှု အခြေအနေများကို ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးက မွန်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုကောင်းမွန်လာစေရန်နှင့် ရထားလမ်းအသုံးပြုသွားလာနေကြသည့် ဒေသခံပြည်သူများနှင့် ခရီးသွားမိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ဘေးအန္တရာယ်ကင်းရှင်းစေရေး အလေးထားမှာကြားခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



## လားရှိုးမြို့၌ ယာဉ်နှင့်လမ်းစည်းကမ်း အသိပညာပေး

**လားရှိုး ဇူလိုင် ၉**

လားရှိုး အထက(ခွဲ)၊ အလက (၅) ကျောင်း၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပရာ အမှတ် (၂၀) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (ရှမ်းမြောက်) မှ ဒုတပ်ဖွဲ့ခွဲမှူးရဲမှူးသက်နိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေ၊ နည်းဥပဒေများနှင့် လိုက်နာရန်အချက်များအား အသိပညာပေးပြောကြားရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်ဆွေးနွေးပြီး အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၉**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

# လူငယ်နှင့် အခွင့်အလမ်းများ

သိန်းထွန်း (IR)

တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းတွေ ထွက်တဲ့အချိန်က ကျောင်းသားလူငယ်အများစု ပျော်ရွှင်နေကြတာကိုတွေ့ရတော့ကိုယ်တိုင်စာမေးပွဲအောင်သူတစ်ယောက်လို အပျော်တွေ ကူးစက်ခဲ့ပါတယ်။

ဒီနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်က အရင်နှစ်တွေထက် ပိုကောင်းခဲ့ပါတယ်။ အောင်ချက်ရာခိုင်နှုန်းက ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းရှိတဲ့အတွက် ဖြေဆိုသူကျောင်းသားတွေရဲ့ တစ်ဝက်ကျော် အောင်မြင်ကြတဲ့ သဘောပါ။ ကျန်တဲ့တစ်ဝက်နီးပါးက နောက်နှစ်တွေမှာ ဆက်ကြိုးစားကြရအုံးမယ်။ ဒီနှစ် မအောင်မြင်ခဲ့လို့ စိတ်ဓာတ်ကျစရာ၊ လက်လျှော့အရှုံးပေးစရာ မဟုတ်ပါဘူး။ ကိုယ်ရဲ့လိုအပ်ချက်တွေကို ပြင်ဆင်ပြီး မလျှော့တဲ့ဇွဲနဲ့ ဆက်ကြိုးစားနေဖို့ကသာ အဓိကပါ။ ဘဝမှာ ကိုယ်ကိုယ်တိုင်က အရှုံးမပေးသရွေ့ အခွင့်အလမ်းနဲ့ အောင်မြင်မှုတွေ ရှိနေအုံးမှာပါ။

တက္ကသိုလ်ဝင် စာမေးပွဲဆိုတာက လူငယ်တစ်ယောက်ရဲ့ ပညာရေးလမ်းကြောင်းပေါ်က စာမေးပွဲတစ်ခုပါပဲ။ လူငယ်တစ်ယောက်အတွက် ဘဝတစ်လျှောက်မှာ နောက်ထပ်စာမေးပွဲတွေ အများကြီးကြုံကြရအုံးမယ်။ အခုချိန်မှာတော့ ပညာသင်ယူလေ့လာနေတဲ့အချိန်ဆိုတော့ ပညာသင်ယူတဲ့အခွင့်အလမ်းကိုပဲ အာရုံစိုက်ဖို့ လိုပါတယ်။ ငယ်စဉ်ချိန်မှာ ပညာရှာဆိုတဲ့စကားလိုပဲ၊ ငယ်စဉ်မှာ ပညာအခြေခံကောင်းခဲ့မှ ကျန်တဲ့ဘဝခရီးကို ဖြောင့်ဖြောင့်မတ်မတ် လွယ်လွယ်ကူကူလျှောက်လှမ်းနိုင်ဖို့ အခြေခံကောင်းတွေ ရရှိနိုင်ပါလိမ့်မယ်။ လူငယ်တစ်ယောက်ဟာအောင်မြင်တဲ့သူတစ်ယောက်ဖြစ်ဖို့၊ အခြားသူတွေနဲ့ ရင်ပေါင်တန်းနိုင်ဖို့၊ စဉ်ဆက်မပြတ်တိုးတက်ဖို့ဆိုရင် ပညာရေးအခွင့်အလမ်းတစ်ခုတည်းနဲ့တော့ မရနိုင်ပါဘူး။ ပညာသင်ယူနိုင်ခွင့်ဆိုတာက အခြားသော အခွင့်အလမ်းတွေ အများကြီးတွေထဲက တစ်ခုသာ ဖြစ်ပါတယ်။

အခုချိန်မှာတော့ ပညာသင်ရမယ့်အရွယ်ဖြစ်တဲ့အတွက် ပညာသင်ယူနိုင်တဲ့ အခွင့်အလမ်းကို အကောင်းဆုံးအသုံးချပြီး ဘဝတိုးတက်မှုကို ရှာကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဘဝတိုးတက်ဖို့ ကြိုးစားရာမှာ သင်ယူနိုင်မှုအခွင့်အလမ်းအပြင် အခြားအခွင့်အလမ်းတွေ အများကြီးရှိပါသေးတယ်။ ကိုယ်လက်လှမ်းမီနိုင်တဲ့ အခွင့်အလမ်း၊ ကိုယ့်အတွက်အခွင့်သင့်လာတဲ့အခွင့်အလမ်း၊ ကိုယ်နဲ့ လက်လှမ်းဝေးနေတဲ့ အခွင့်အလမ်းတွေဆိုတာလည်း သေချာပေါက် ကြုံတွေ့ရကြအုံးမှာပါ။

ကိုယ့်ရဲ့ ဘဝခရီးမှာ ကြုံလာရမယ့် ကိုယ်နဲ့ အသင့်တော်ဆုံး၊ အကိုက်ညီဆုံးအခွင့်အလမ်းတွေကို အမိအရအသုံးချနိုင်ဖို့အတွက် ကိုယ့်ဘက်က စဉ်ဆက်မပြတ်ကြိုးစားအားထုတ်မှု၊ လေ့လာဆည်းပူးမှုနဲ့ ကိုယ်ရည်ကိုယ်သွေးမြှင့်တင်မှုတွေ လုပ်ဆောင်ထားကြရမှာပါ။ ဒါဟာ တိုးတက်လိုတဲ့ လူငယ်တိုင်းအတွက် မဖြစ်မနေဖြတ်သန်းရမယ့် အဆင့်တွေပါပဲ။

လူငယ်တွေရဲ့ ဘဝအခွင့်အလမ်းနဲ့ပတ်သက်လို့ ကုလသမဂ္ဂ၊ ယူနက်စကို၊ အိုင်အယ်လ်အို၊ ကမ္ဘာ့ဘဏ်၊ အိုအီးစီဒီ စတဲ့ကမ္ဘာ့အဖွဲ့အစည်းကြီးတွေက သုတေသနစာတမ်းတွေနဲ့ အစီရင်ခံစာတွေ အများအပြားထုတ်ဝေထားပါတယ်။ အဲဒီအစီရင်ခံစာတွေအရ လူငယ်တွေရဲ့ အခွင့်အလမ်းတွေထဲမှာဆိုရင်-

(၁) သင်ယူနိုင်မှုအခွင့်အလမ်း၊

(၂) အလုပ်အကိုင်အခွင့်အလမ်းနဲ့ စီးပွားရေး စတင်လုပ်ဆောင်နိုင်မယ့် အခွင့်အလမ်း၊

(၃) ကျွမ်းကျင်မှုနဲ့ ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု အခွင့်အလမ်း၊

(၄) ခေါင်းဆောင်မှုနဲ့ နိုင်ငံသားတစ်ယောက်အဖြစ် ပါဝင်နိုင်မယ့်အခွင့်အလမ်း၊

(၅) ကျန်းမာရေးနဲ့ လူမှုဘဝသာယာပျော်ရွှင်နိုင်မှုအခွင့်အလမ်း၊

(၆) တန်းတူညီမျှမှုနဲ့ အားလုံးပူးပေါင်းပါဝင်နိုင်မှုအခွင့်အလမ်း၊

(၇) နည်းပညာနဲ့ ကမ္ဘာကိုရင်ပေါင်တန်းနိုင်တဲ့ အခွင့်အလမ်းတို့ ပါဝင်ပါတယ်။

ဒါကြောင့်မို့ ကုလသမဂ္ဂလို နိုင်ငံတကာအဖွဲ့အစည်းကြီးတွေက လူငယ်ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်တွေ၊ လူငယ်ရေးရာမူဝါဒတွေ၊ လူသားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘဝတစ်သက်တာသင်ယူနိုင်မယ့်လုပ်ငန်းစဉ်တွေကို အလေးထားလုပ်ဆောင်နေကြတာ တွေ့ရပါတယ်။

သင်ယူနိုင်မှုအခွင့်အလမ်းထဲမှာဆိုရင် ကျောင်းတွင်း/ကျောင်းပြင်ပ ပညာသင်ယူနိုင်မှု၊ ပညာရေးလက်လှမ်းမီမှု၊ စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်မှု စတဲ့ သင်ယူနိုင်မှုတွေဟာ လူငယ်တွေအတွက် အခြေခံအကျဆုံးအခွင့်အလမ်းတစ်ခု ဖြစ်ပါတယ်။ ပညာရေးဟာ ကမ္ဘာ့နေရာတိုင်းက လူငယ်တွေအတွက် အခြေခံအခွင့်အရေးဖြစ်တယ်လို့ ကုလသမဂ္ဂက ဆိုပါတယ်။

ပညာရေးအခွင့်အလမ်းနဲ့ ပတ်သက်လို့ လူမှုကွန်ရက်ပေါ်မှာ ပျံ့နေတဲ့ အကြောင်းအရာတစ်ခု

> **“ ဒီကနေ့လို နယ်ပယ်အသီးသီးမှာ ဆန်းသစ်တီထွင်မှုတွေကြောင့် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေချိန်မှာ လူငယ်တွေအတွက် လူငယ်စွန့်ဦးတီထွင်မှုနဲ့ ဆန်းသစ်တီထွင်နိုင်တဲ့ အခွင့်အလမ်းတွေဖော်ဆောင်ပေးမယ့် အကောင်အထည်ဖော်မှုတွေ လိုအပ် ”**

တွေ့မိပါတယ်။ အဲဒါက တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ပြီး အဆင့်မြင့်ပညာဆက်လက်သင်ယူဖို့အခက်အခဲရှိနေတဲ့ လူငယ်တွေအကြောင်းဖြစ်ပါတယ်။ ၂၀၁၆ တက္ကသိုလ်ဝင်တန်းကို မိသားစုအခက်အခဲတွေ ရှိနေတဲ့ကြားက ဂုဏ်ထူးတွေနဲ့ အောင်မြင်ခဲ့ကြပေမယ့် သူတို့ရဲ့ကြိုးစားအားထုတ်မှု၊ အရည်အချင်း၊ ရည်မှန်းချက်နဲ့ကိုက်ညီတဲ့ အဆင့်မြင့်ပညာတွေ၊ အဆင့်မြင့်တက္ကသိုလ်တွေမှာ ဆက်လက်ပညာသင်ယူဖို့ ကြီးမားတဲ့အခက်အခဲတွေနဲ့ရင်ဆိုင်နေရတာဟာ သက်ဆိုင်ရာလူငယ်တွေ အတွက်ရော၊ နိုင်ငံတော်အတွက်ပါ အရည်အသွေးမြင့်မားတဲ့ လူသားရင်းမြစ်မွေးထုတ်ရေးဆိုင်ရာ စိန်ခေါ်မှုတစ်ခုလို့ မြင်မိပါတယ်။ ဒါဟာ နိုင်ငံသားတိုင်းပညာရေးလက်လှမ်းမီဖို့ဆိုတဲ့ ရည်မှန်းချက်အတွက် အကန့်အသတ်ဖြစ်နေသလားလို့ စဉ်းစားစရာပါ။

**ယခုအခါမှာဆို ကျောင်းပြင်ပကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားတဲ့ ကျောင်းသားတွေကို ကျောင်းပြန်တက်ခွင့်ရစေဖို့ Placement test အစီအစဉ်တွေ အကောင်အထည်ဖော်နေတာ တွေ့ရပါတယ်။ Placement test အစီအစဉ်ကြောင့် ကျောင်းပြင်ပရောက်သွားတဲ့ ကျောင်းသားတွေ ကျောင်းပြန်တက်ခွင့်ရလို့ ပညာသင်ယူမှု အခွင့်အလမ်းရရှိကြသလိုပဲ တက္ကသိုလ်ဝင်တန်းမှာ ထူးချွန်စွာအောင်မြင်ခဲ့ကြတဲ့ ကျောင်းသားတွေကိုလည်း သူတို့ရဲ့ပါရမီ၊ ကြိုးစားအားထုတ်မှု၊ အရည်အချင်းနဲ့ ရည်မှန်းချက်တွေနဲ့ ကိုက်ညီတဲ့ အဆင့်မြင့်ပညာသင်ကြားနိုင်ခွင့် ရရှိရေးဟာ ပညာရေးလက်လှမ်းမီမှုတစ်ခုပါပဲ။**

ထူးချွန်လူငယ်တွေကို လူရည်ချွန်စီမံကိန်းလိုမျိုး ပညာရေးအထူးအစီအစဉ်အနေနဲ့ ပံ့ပိုးပေးမယ်ဆိုရင် ထူးချွန်တဲ့လူငယ်တွေ ပညာသင်ယူခွင့်ဆုံးရှုံးသွားမှာကို ကာကွယ်နိုင်သလို အရည်အသွေးပြည့်ဝတဲ့ လူသားရင်းမြစ်တွေကိုလည်း မွေးထုတ်ပေးနိုင်မှာပါ။ ဒါဟာ လူငယ်တွေအတွက် ကြိုးစားရင် ကြိုးစားသလောက် ပညာရေးလက်လှမ်းမီမှုနဲ့ ပညာရေးအခွင့်အလမ်းရရှိစေတဲ့ သဘောဖြစ်ပါတယ်။ လူသားရင်းမြစ်မွေးထုတ်ရာမှာ အရည်အတွက် များများမွေးထုတ်နိုင်ဖို့အပြင် အရည်အချင်းပြည့်ဝပြီး ထူးချွန်တဲ့လူသားရင်းမြစ် မွေးထုတ်ရေးဟာလည်း အခြေခံကျတဲ့လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။

ပညာရေးအခွင့်အလမ်းလိုပဲ လူငယ်တွေဟာ အခြားအရေးပါတဲ့ အခွင့်အလမ်းတွေရရှိဖို့၊ အခွင့်အလမ်းတွေ လက်လှမ်းမီဖို့ လိုအပ်ပါတယ်။ အဲဒီအခွင့်အလမ်းတွေ ဟန်ချက်ညီနေမှ လက်တွေ့ကျတဲ့ တိုးတက်မှုကို တည်ဆောက်နိုင်မှာပါ။ ပညာရေးမှာ ထူးထူးချွန်ချွန်နဲ့ အောင်မြင်ပြီးမြောက်ပေမယ့် အလုပ်အကိုင်အခွင့်အလမ်းမရရှိတာ၊ တန်းတူညီမျှမှုမရရှိတာ၊ တီထွင်ဖန်တီးနိုင်ခွင့်မရရှိတာ စတဲ့ကန့်သတ်ချက်တွေဟာ လူငယ်တွေအတွက် အကြီးမားဆုံးစိန်ခေါ်မှုတွေဖြစ်ပြီး နောက်ဆက်တွဲအနေနဲ့ ပြည်တွင်း / ပြည်ပ ဦးနှောက်ယိုစီးမှုတွေ ဖြစ်ပေါ်စေပါတယ်။ ကမ္ဘာ့အလုပ်သမားအဖွဲ့ကြီး (ILO) ရဲ့ အဆိုအရ ကမ္ဘာ့တစ်ဝန်းက လူငယ်တွေဟာ အလုပ်လက်မဲ့ပြဿနာနဲ့ ရင်ဆိုင်နေကြရပြီး နိုင်ငံတွေအနေနဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး (Skills Development) နှင့် Decent Work အခွင့်အလမ်းတွေ တိုးချဲ့ပေးသင့်ကြောင်း ဆိုပါတယ်။

လူငယ်ရဲ့သဘာဝဟာ မိမိဘဝတိုးတက်ရာ **တိုးတက်ကြောင်း အခွင့်အလမ်းကို ရှာတတ်ကြပါတယ်။ သင်ယူမှုအခွင့်အလမ်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ ဆန်းသစ်တီထွင်နိုင်မှုအခွင့်အလမ်း စတဲ့ အခွင့်အလမ်းတွေဟာ လူငယ်တွေကို ဆွဲဆောင်နိုင်တဲ့အပြင် တိုးတက်မှုကို ရရှိစေတဲ့အတွက် လူငယ်တွေရဲ့ဘဝတိုးတက်မှု၊ နိုင်ငံအတွက် လူသားရင်းမြစ်တိုးတက်မှု၊ နိုင်ငံ့စွမ်းအားတိုးတက်မှုတွေကို ရရှိစေနိုင်ပါတယ်။ အိန္ဒိယနိုင်ငံသား စီးပွားရေးသိပ္ပံဆိုင်ရာနိုဘယ်ဆုရှင်ပါမောက္ခ ဒေါက်တာ Amartya Sen က ဖွံ့ဖြိုးတိုးတက်မှုဆိုတာဟာ စီးပွားရေးတိုးတက်မှုကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ လူတစ်ဦးချင်းစီရဲ့ အခွင့်အလမ်းတွေနဲ့ လွတ်လပ်စွာရွေးချယ်နိုင်ခွင့်တွေတိုးပွားလာခြင်းဖြစ်ကြောင်း ဆိုပါတယ်။ ဒါဟာ လူငယ်တွေအတွက် အခွင့်အလမ်းနဲ့ တိုးတက်မှုအကြား ဆက်နွှယ်မှုလို့ ဆိုနိုင်ပါတယ်။**

လူငယ်တွေအတွက် အထက်မှာ ဖော်ပြခဲ့တဲ့ အခွင့်အလမ်းတွေ ပိုမိုလက်လှမ်းမီပြီး ထိရောက်မှုရှိမယ်ဆိုရင် နိုင်ငံရဲ့လူသားရင်းမြစ်မွေးထုတ်ပေးရေးမှာ သာမကပါဘူး၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာမှာ အကောင်းဆုံးအကျိုးပြုနိုင်မှာပါ။ ဒါပေမယ့် အခွင့်အလမ်းတွေ ပိုမိုရရှိအောင်လုပ်ဆောင်တယ်ဆိုရာမှာ အခွင့်အလမ်းတစ်ခုတည်းကောင်းနေရုံနဲ့ မထိရောက်နိုင်ပါဘူး။

ပညာရေးအခွင့်အလမ်းတွေ ကောင်းပေမယ့် အလုပ်အကိုင်အခွင့်အလမ်းမရှိရင် မထိရောက်သလို၊ ထူးချွန်ထက်မြက်သူတွေရှိပေမယ့် ဆန်းသစ်တီထွင်နိုင်တဲ့ အခွင့်အလမ်းမရှိရင်လည်း ဦးနှောက်ယိုစီးမှုဖြစ်ပေါ်နိုင်ပါတယ်။ ဒီကနေ့လို နယ်ပယ်အသီးသီးမှာ ဆန်းသစ်တီထွင်မှုတွေကြောင့် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေချိန်မှာ လူငယ်တွေအတွက် လူငယ်စွန့်ဦးတီထွင်မှုနဲ့ ဆန်းသစ်တီထွင်နိုင်တဲ့ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးမယ့် အကောင်အထည်ဖော်မှုတွေ လိုအပ်ပါတယ်။

ဥပမာအားဖြင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်တဲ့အခါ သူနဲ့ ကိုက်ညီတဲ့အလုပ်အကိုင်မူဝါဒတွေလိုအပ်သလို အဲဒီမူဝါဒတွေကလည်း နိုင်ငံ့စီးပွားရေးလိုအပ်ချက်နဲ့ ကိုက်ညီဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေအတွက် အခွင့်အလမ်းတွေကို ဖော်ဆောင်ပေးရာမှာ ဟန်ချက်ညီတဲ့ အခွင့်အလမ်းဖော်ဆောင်မှုရှိမှ ကဏ္ဍတစ်ခုချင်းစီမှာ ထိရောက်တိုးတက်မှုရရှိနိုင်မှာ ဖြစ်ပါတယ်။

လူငယ်တွေရဲ့ အခွင့်အလမ်းတွေ ဖော်ဆောင်ရာမှာ စင်ကာပူနိုင်ငံမှာဆိုရင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးကို ရေရှည်မဟာဗျူဟာတစ်ခုအဖြစ် ချမှတ်ထားပါတယ်။ အဲဒီမဟာဗျူဟာ အကောင်အထည်ဖော်ရာမှာလည်း ပညာရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတွေကို တစ်ခုနဲ့တစ်ခုချိတ်ဆက်အကောင်အထည်ဖော်တဲ့စနစ်ကို ကျင့်သုံးလျက်ရှိပါတယ်။

စင်ကာပူနိုင်ငံရဲ့ Skills Future Singapore အစီအစဉ်ဟာ လူငယ်နဲ့ အရွယ်ရောက်ပြီးသူတွေအတွက် ကျွမ်းကျင်မှု၊ အလုပ်အကိုင်၊ စွန့်ဦးတီထွင်မှု စတဲ့ အခွင့်အလမ်းတွေရရှိအောင် လုပ်ဆောင်ပေးပါတယ်။ ဒါကိုကြည့်ရင် လူငယ်တွေအတွက် အခွင့်အလမ်းတွေ ဖန်တီးပေးရာမှာ ပညာရေး၊ အလုပ်အကိုင်၊ စီးပွားရေး၊ နည်းပညာ၊ စွန့်ဦးတီထွင်မှုနဲ့ လူမှုရေးရာတွေကို အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ထားတဲ့အတွက် လက်တွေ့ကျတဲ့ တိုးတက်မှုတွေရရှိနေတာကို တွေ့ရပါတယ်။

လူငယ်တွေအတွက် အခွင့်အလမ်းတွေ ဖော်ဆောင်ရာမှာ စိန်ခေါ်မှုတွေရှိနေတယ်လို့ ကုလသမဂ္ဂက ဆိုပါတယ်။ ကုလသမဂ္ဂရဲ့ လူငယ်မဟာဗျူဟာကို အကောင်အထည်ဖော်ရာမှာ ပြည်တွင်း/ပြည်ပမှ သိသိသာသာလွှမ်းမိုးနေတဲ့အကြောင်းတရား ၁၁ ချက်ကို ဖော်ထုတ်ထားပါတယ်။ အဲဒီအထဲမှာ လူငယ်တွေရဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုဘဝအခြေအနေ၊ အလျင်အမြန်ပြောင်းလဲနေတဲ့ အလုပ်အကိုင်ဈေးကွက်တွေနဲ့ နည်းပညာအသစ်တွေ၊ စီးပွားရေးလမ်းကြောင်းပြောင်းလဲမှုတွေ၊ အကျပ်အတည်းတွေကြောင့် ဖြစ်ပေါ်လာတဲ့ အဆက်မပြတ်ခြိမ်းခြောက်မှုတွေ၊ ရွှေ့ပြောင်းသွားလာမှုနဲ့ ဦးနှောက်ယိုစီးမှု၊ လူဦးရေပြောင်းလဲမှုနဲ့ အိုမင်းလာတဲ့လူဦးရေ၊ မျိုးဆက်တစ်ခုနဲ့တစ်ခုအကြား ဖြစ်ပေါ်လာတဲ့ စိန်ခေါ်မှုများ၊ လူငယ်များအပေါ် အပျက်သဘောဆောင်တဲ့အခြေအနေများ၊ ပထဝီနိုင်ငံရေးဆိုင်ရာအကြောင်းတရားများ၊ လူ့အဖွဲ့အစည်းများ၏ တိုးတက်ပြောင်းလဲလာမှု စတာတွေ ပါဝင်တယ်လို့ Youth 2030 First Interim Review မှာဖော်ပြထားပါတယ်။

လူငယ်တွေအပေါ် လွှမ်းမိုးနေတဲ့ ဒီစိန်ခေါ်မှုတွေကိုကြည့်ရင် ရေတို၊ ရေရှည် ကိုင်တွယ်ဖြေရှင်းရမယ့် စိန်ခေါ်မှုတွေအဖြစ် တွေ့ရပါတယ်။ ဒီစိန်ခေါ်မှုတွေက နိုင်ငံတစ်နိုင်ငံတည်း၊ ဒေသတစ်ခုတည်း၊ လူ့အဖွဲ့အစည်းတစ်ခုတည်းမှာဖြစ်နေတဲ့ အခက်အခဲတွေတော့ မဟုတ်ပါဘူး။ ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားပြီး လူငယ်တွေရဲ့ အခွင့်အလမ်းကို ဖွင့်ပေးနိုင်မယ်ဆိုရင် နိုင်ငံရဲ့အနာဂတ်ကို တည်ဆောက်ပေးမယ့်အရေးကြီးဆုံးလူသားရင်းမြစ်တွေကို မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ပြောင်းလဲတိုးတက်နေတဲ့ ကမ္ဘာကြီးမှာ စီးပွားရေးတိုးတက်မှု၊ လူမှုရေးတည်ငြိမ်မှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းတွေဟာ လူငယ်တွေရဲ့ အရည်အသွေးနဲ့ အခွင့်အလမ်းများအပေါ် များစွာ မူတည်နေပါတယ်။ ဒါကြောင့် လူငယ်တွေအတွက် အရည်အသွေးရှိတဲ့ ပညာရေး၊ ကျွမ်းကျင်မှု၊ အလုပ်အကိုင်၊ ကျန်းမာရေး၊ လူမှုရေး ပါဝင်မှုနဲ့ တန်းတူညီမျှမှုဆိုင်ရာ အခွင့်အလမ်းတွေကို ဖန်တီးပေးရေးဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်နေပါပြီ။ ။

## ဓနုဖြူမြို့နယ်၌ (၁၀)တန်းသွား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသရုပ်ပြ

**ဓနုဖြူ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ (၁၀)တန်းသွား မျိုးစေ့ချကိရိယာဖြင့် မိုးစပါးမျိုးစေ့ချစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင် ၇ ရက်က ပေါ်ဦးစုကျေးရွာ၌ ကျင်းပရာ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးအေးထွန်းက မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကွင်းအမှတ် (၆၁ က)၊ တောင်သူ ဦးသီဟမောင်မောင်၏ လယ်မြေ ၁၀ ဧကတွင် မော်ဘီ-၃ စပါးမျိုးအား (၁၀)တန်းသွား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသရုပ်ပြသခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။



**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ဆမ်မိန်းကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်



**မိုင်းယု ဇူလိုင် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဒုလဝကမှူး ဦးအောင်သူဟိန်းနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆမ်မိန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ စကားဝါဆောင်၌ ကွင်းဆင်းဆောင်ရွက်ပေးရာ တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုနိုင်**

## ပဲခူးမြို့၌ ဥပဒေအသိပညာပေးဟောပြော

**ပဲခူး ဇူလိုင် ၉**

ပဲခူးမြို့၌ ဥပဒေအသိပညာပေးဟောပြောပွဲကို ဇွန် ၂၄ ရက်က အထက(၂) ပဲခူးမြို့၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်ခင်သီတာက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးကိုက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေသိမှတ်ဖွယ်ရာများကို ဟောပြောဆွေးနွေးသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

## အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များအား စွမ်းရည်မြှင့် သင်တန်းဖွင့်



**ပုသိမ် ဇူလိုင် ၉**

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ယနေ့နံနက်က ပုသိမ်စက်မှုမြို့တော်စီမံကိန်းရုံး၌ ကျင်းပရာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းသည်။

အဆိုပါသင်တန်းတွင် စက်ရုံ၊ အလုပ်ရုံ ၁၀ ရုံမှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ သမဝါယမကဏ္ဍဖွံ့ဖြိုးရေး တောင်သူများနှင့် တွေ့ဆုံပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇူလိုင် ၉**

မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့အကောင်အထည်ဖော်နိုင်ရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲကို ဇူလိုင် ၈ ရက်က ကျင်းပခဲ့သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူး ဦးကျော်စိုးမင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော စိုက်ပျိုးထုတ်လုပ်ရေးနည်းလမ်းများနှင့် ဝင်ငွေတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။



**ရဲကိုမောင် (ပြန်/ဆက်)**

## ပလောက်မြို့၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ပလောက် ဇူလိုင် ၉**

ပလောက်မြို့၌ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကို ယမန်နေ့က မူလွန်(ပလောက်-နောက်) ကျောင်းခန်းမ၌ ကျင်းပရာ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးဟိန်းမင်းအောင်က အမှာစကားပြောကြားပြီး ပလောက်နယ်မြေရဲစခန်းမှူးစိုးနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေများ၊ အွန်လိုင်းဂိမ်းစွဲလမ်းခြင်း ပြဿနာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ မြို့ဦးစီးမှူး ဒေါ်နှင်းမြူလွင်က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပွားနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများကိုလည်းကောင်း ဟောပြောသည်။ ထို့နောက် မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။



**မြို့နယ်(ပြန် /ဆက်)**

## ကျိုက်ထိုမြို့နယ်၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေး

**ကျိုက်ထို ဇူလိုင် ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၆ ရက် နံနက်က ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အသိပညာပေးဆွေးနွေးပွဲကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တော ဦးစီးဌာနမှ တောအုပ်ကြီး ဦးဇင်ကိုလတ်က သစ်တောသစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်ပင်သစ်တောများ၏ အရေးပါပုံ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## သာစည်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**သာစည် ဇူလိုင် ၉**

သာစည်မြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က လှိုင်းတက်တိုက်နယ် ဆေးရုံဝင်းအတွင်း ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် ကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာန၊ အထကမယ်ဇလီကန်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက တမာ၊ ကုက္ကို၊ စိန်ပန်းနှင့် ဗာဒံ စုစုပေါင်း ပျိုးပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



## ညောင်တုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**ညောင်တုန်း ဇူလိုင် ၉**

ညောင်တုန်းမြို့နယ်၌ မြို့နယ်ဦးစီးမှူးရုံးက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို ဇူလိုင် ၆ ရက်က ဆားမလောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်၊ ခရိုင်ဦးစီးမှူး ဒေါ်နွယ်နီစိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ ကျောင်းသား ကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ပင်းတယ ဇူလိုင် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်က ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် အသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်ရာ ဥပဒေအရာရှိ ဒေါ်စုလှိုင်ထွန်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၄၀ တို့အား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေများကို နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

## အောင်လံမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်



**အောင်လံ ဇူလိုင် ၉**

အောင်လံမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်ပွဲကို ဇူလိုင် ၆ ရက်က အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက အမှာစကား ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးအောင် အောင်လံမြို့နယ် ဥပဒေရုံးမှ မျိုးဟန်က ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး စုစုပေါင်း ၉၀ တက်ရောက်ကြပြီး နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ရုံးချုပ်နှင့် ခရိုင်တို့မှ တာဝန်ရှိသူများက ဇူလိုင် ၄ ရက်တွင် မှော်ဘီမြို့နယ်၌ ဗွန်လအတွက် စတုတ္ထနေ့အဖြစ် မီတာဖတ်ရှုထားမှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားမှုနှင့် လျှပ်စစ်ဓာတ်အားလေလွင့်ပျောက်ဆုံးမှုလျှော့ချရေး ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (YESC)

## ဒေးဖြူမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေး



**ဒေးဖြူ ဇူလိုင် ၉**

ဒေးဖြူမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၇ ရက်က အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှဌေးက မှုခင်းအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက အွန်လိုင်းငွေကြေးလိမ်လည်မှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစသည့်အကြောင်းအရာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ ငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်

**ကော့သောင်း ဇူလိုင် ၉**

ငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ရာ စစ်ဗျူဟာမှူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**



## ပုလောမြို့နယ်၌ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အား စိုက်ပျိုး ကွင်းသရုပ်ပြ

**ပုလော ဇူလိုင် ၉**

ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စံပြကျေးရွာ မကျည်းကုန်းရှိ



တောင်သူ ဦးညီညီလွင်၏လယ်တွင် ယမန်နေ့ နံနက်ပိုင်းက(ပေါင်ပျိုး) သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် လက်တွေ့စိုက်ပျိုးကွင်းသရုပ်ပြပွဲကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသော်ဇင်ထွန်းက တောင်သူများကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ (ပေါင်ပျိုး) ပျိုးထောင်စိုက်ပျိုးနည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများ၊ စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ၊ လိုက်နာကျင့်သုံးရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး

**ဝါးခယ်မ ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ယနေ့နံနက်က မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်ထွေးအောင်နှင့် တပ်ဖွဲ့ဝင်များက ရေယာဉ်များ၊ ရေလုပ်သားများနှင့် ရေလမ်းခရီးသွားလာသူပြည်သူများအား သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက အသက်ကယ်အင်္ကျီဝတ်ဆင်ခြင်း၊ အသက်ကယ်ဘောကွင်း အသုံးပြုနည်းစသည့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## လင်းခေးမြို့နယ် ရတနာငွေစုငွေချေး သမအသင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အမြတ်ငွေများပေးအပ်

**လင်းခေး ဇူလိုင် ၉**

လင်းခေးမြို့နယ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ အသင်းအလုပ်အမှုဆောင်များ အသစ်ရွေးချယ်တင်မြှောက်ခြင်းနှင့် အသင်းဝင်များအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် စုဆောင်းငွေအမြတ် ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်စစ်ဦးက စုဆောင်းငွေ၊ အစုအမြတ်ငွေများနှင့် စပ်လျဉ်း၍ ရှင်းလင်းသည်။

ထို့နောက် ဦးစီးအရာရှိနှင့် အသင်းဥက္ကဋ္ဌတို့က အသင်းဝင် ၄၀၆ ဦးတို့အား အစုအမြတ်ငွေများ ပေးအပ်သည်။ **စိုင်းဇော်လတ်(လင်းခေး)**



## ပခုက္ကူ၌ လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနှင့် စက်ချုပ်သင်တန်း လုပ်ငန်းသုံးပစ္စည်းများပေးအပ်

**ပခုက္ကူ ဇူလိုင် ၉**

ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌




လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာနှင့် စက်ချုပ်နည်းပညာသင်တန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက်က ကျင်းပရာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာနှင့် စက်ချုပ်နည်းပညာသင်တန်းများမှ ထူးချွန်သင်တန်းသူ ၁၅ ဦးအား ကိုယ်ပိုင်လုပ်ငန်းများထူထောင်လုပ်ကိုင်နိုင်ရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

**ဘာမီသာ(ပခုက္ကူ)**

- **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် ပစ္စည်းများနှင့် လုပ်ငန်းများအား မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူ၊ လုပ်ငန်းအပ်နှံလိုပါသည်-

(က) ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်ရှိ မြစ်ရေတိုက်စားမှုကြောင့် ဓာတ်အားလိုင်းလဲပြိုကျပျက်စီးမှုများဖြစ်ပေါ်နေသည့် ၃၃ ကေဗွီ ကမ်းနီ-ကမမောင်း ဓာတ်အားလိုင်း ၁.၉၅ မိုင်အပိုင်းနှင့် ကမ်းနီ-ကော့လုံကျွန်း မြစ်ကျော်အား ဓာတ်အားလိုင်း ပြောင်းရွှေ့၍ကမ်းနီ-ကမမောင်းလိုင်း ၃၃ ကေဗွီ Diversion Line ၂.၅၄ မိုင်နှင့် လက်ခတ်ကျေးရွာအနီး သံလွင်မြစ်ကျော် ၁၄၀၀ ပေ တည်ဆောက်ခြင်းအတွက် ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများအား Lot အလိုက် ဝယ်ယူရန်

(ခ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီး နယ်နမိတ်နှင့်မလွတ်ကင်းသော ၃၃ ကေဗွီ ပြည်ညောင်-နန့်ပန်တက်ဓာတ်အား လိုင်းအား လမ်းနယ်နမိတ်နှင့် လွတ်ကင်းရာသို့ ၃၆၀၀ ပေ ပြောင်းရွှေ့တည်ဆောက်ခြင်းအတွက် လိုအပ်သော ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(ဂ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲ(စခန်းသာ) ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းအတွက် လိုအပ်သော ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများဝယ်ယူရန်

(ဃ) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါ ၆၆/၃၃ ကေဗွီ ၂၀ အမ်ဗွီအေနှင့် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းအတွက် လိုအပ်သောဓာတ်အားခွဲရုံဆက်စပ် ပစ္စည်းများဝယ်ယူရန်

(င) စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ရှိ ငလျင်ကြောင့် ပျက်စီးသွားသော ၃၃/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ မင်းလမ်းခွဲရုံ Control Building တွင် လျှပ်စစ်ပိုင်းဆိုင်ရာတပ်ဆင်ခြင်းအတွက် လိုအပ်သော ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(စ) တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ၃၃ ကေဗွီ ဘုရားကြီးခွဲရုံ၊မင်းလှခွဲရုံ၊ အုတ်ဖိုခွဲရုံ၊ ပြည်ခွဲရုံနှင့် သာဝတ္ထိဓာတ်အားခွဲရုံများအတွက် လိုအပ်သော ဓာတ်အားခွဲရုံဆက်စပ် ပစ္စည်းများဝယ်ယူရန်

(ဆ) ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပေါင်းတည်တွင် ၆၆/၃၃ ကေဗွီ ၃၀ အမ်ဗွီအေနှင့် ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေခွဲရုံအတွက် ထပ်မံလိုအပ်သော ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများအား ဝယ်ယူရန်

(ဇ) မကွေးတိုင်းဒေသကြီး၊ ချောက် ၆၆ ကေဗွီ Double Circuit လိုင်း ၀.၀၅ မိုင်နှင့် ချောက်ခွဲရုံတွင် 66 kV Switch Bay 2 Sets တည်ဆောက်ခြင်းအတွက် ဆက်စပ် ပစ္စည်းများဝယ်ယူရန်

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်- မအူပင်လိုင်း ၂၂.၃ မိုင် တည်ဆောက်ရန် ထပ်မံလိုအပ်သော ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများအနက်မှ ကွန်ကရစ်တိုင်များ ဝယ်ယူရန်

(ည) နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ၃၃/၁၁ ကေဗွီ (၂x၅) အမ်ဗွီအေ စာနယ်ဇင်းခွဲရုံအဝင် 33 kV Double Circuit ဓာတ်အားလိုင်း ၅၀၀ ပေ၊ 33 kV Bus နှင့် 33 kV In+Out 2 Bays တည်ဆောက်ခြင်းတို့အတွက်ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(ဋ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံး- မိုင်းပွန်လိုင်းမှ ဝမ်ကုန်း(ပုံးအယ်)သို့ ၃၃ ကေဗွီ လိုင်း ၀.၅ မိုင်နှင့် ဝမ်ကုန်း(ပုံးအယ်) ကျေးရွာတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(ဌ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလော-တီကျစ်လိုင်းမှ ကလော (သရက်ပင်)သို့ ၃၃ ကေဗွီ Double Circuit လိုင်း ၁.၆ မိုင်နှင့် သရက်ပင်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(ဍ) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ၂၃၀/၆၆ ကေဗွီ ကမာနတ်ပင်မဓာတ်အားခွဲရုံမှ ပဲခူးမြို့၊ မြို့ဦးတံတားအနီး အမှတ်(၇) ခွဲရုံသို့ ၆၆ ကေဗွီလိုင်း (၆.၁၄) မိုင် တည်ဆောက်ခြင်း လုပ်ငန်းအား (ပစ္စည်း + လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(ဎ) ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်-ဓနုဖြူ ၃၃ ကေဗွီလိုင်း ၄၀.၃၄ မိုင်အနက် ၁၂.၈၄ မိုင်အား 12 M, Single Pole Suspension ACSR 477 MCM ဖြင့် အဆင့်မြှင့်တင် တည်ဆောက်ခြင်း လုပ်ငန်းအား(ပစ္စည်း+လုပ်အားခ)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(ဏ) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးမြို့အမှတ် (၇) ခွဲရုံတွင် ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေခွဲရုံ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း (မြို့ပြ+လျှပ်စစ်) Installation သီးသန့်

(တ) ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပုဗ္ဗသီရိမြို့နယ်၊ တပ်ပုဗ္ဗခွဲရုံရှိ လောင်ကျွမ်းသွားသည့် ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ ပြုပြင်ခြင်းလုပ်ငန်း

(ထ) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ငလျင်ကြောင့်ချို့ယွင်းခဲ့သည့် ဒက္ခိဏသီရိမြို့နယ်၊ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၇) ရှိထရန်စဖော်မာအမှတ်(၁)၃၃/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ထရန်စဖော်မာ (Sr.no.M-040-TR) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း

(ဒ) ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ငလျင်ကြောင့်ချို့ယွင်းခဲ့သည့် ဒက္ခိဏသီရိမြို့နယ်၊ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၇) ရှိထရန်စဖော်မာအမှတ်(၂) ၃၃/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ထရန်စဖော်မာ (Sr.no.M-041-TR) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း

(ဓ) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ငလျင်ကြောင့်ချို့ယွင်းခဲ့သည့် ပုဗ္ဗသီရိမြို့နယ်၊ ၃၃/၁၁ ကေဗွီ စစ်မှုထမ်းဟောင်းခွဲရုံရှိ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ အမှတ်(၂) AGT (Sr. no.082010023) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း

(န) ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ငလျင်ကြောင့်ချို့ယွင်းခဲ့သည့် ပုဗ္ဗသီရိမြို့နယ်၊ ၃၃/၁၁ ကေဗွီ ခွဲရုံအမှတ် (၁၁) ရှိ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ YTE (Sr.no.05785) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း

(ပ) ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ငလျင်ကြောင့်ချို့ယွင်းခဲ့သည့် ဇမ္ဗူသီရိမြို့ နယ်၊ ဝဏ္ဏသိဒ္ဓိအားကစားခွဲရုံအတွင်းရှိ ၃၃/၁၁ ကေဗွီ ၁၀ ထရန်စဖော်မာ SEM (အမှတ် B) (Sr.no.2230) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း

(ဖ) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ငလျင်ကြောင့်ချို့ယွင်းခဲ့သည့် ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိအားကစားခွဲရုံအတွင်းရှိ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ AGT (အမှတ် A)(Sr. no.082012014) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း

(ဗ) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ငလျင်ကြောင့်ချို့ယွင်းခဲ့သည့် ပျဉ်းမနား မြို့နယ်၊ ၃၃/၁၁ ကေဗွီ တောင်သာခွဲရုံရှိ ၃၃/၁၁ ကေဗွီ ၁၀ ထရန်စဖော်မာ YTE (Sr.no.05051) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း

(ဘ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊တိုင်းဒေသကြီး/ ပြည်နယ်များရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန် လိုင်းခါးပတ်နှင့်ဝတ်ဆင် အသုံးပြုရမည့် လိုင်းဝတ်စုံများဝယ်ယူရန်

(မ) ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏခရိုင်နယ်မြေအတွင်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာနပိုင် မြေနေရာတွင် ငလျင်ဒဏ်သင့်ဝန်ထမ်းများ နေထိုင်မည့်ယာယီဘာရာများ၊ Container House များ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေးအတွက် ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၈၆၀) ပေနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း (၆၂၀၀) ပေ တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(ယ) ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် မကွေးမြို့၊ အခြေခံကျန်းမာရေး တက္ကသိုလ် (မကွေး)၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၃.၅) မိုင် အသစ်တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၀.၇.၂၀၂၆ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄.၇.၂၀၂၆ ရက်နေ့ (၁၄ : ၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပစ္စည်းစီမံရေးဌာန ဖုန်းနံပါတ် ၀၉-၄၂၈၃၀၄၄၆၀ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် W/85138 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မိခင်အမည်မှန်

(ဘ)ဦးလှစိုး၏သမီး ဟသ်ာတမြို့၊ ကြယ်တံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မသီရိကိုကို၏ မိခင်အမည်မှန်မှာ နန့်အုံးသန်း ၁၄/လမန(နိုင်) ၂၀၄၂၉၀ ဖြစ်ပါကြောင်း။ **နန့်အုံးသန်း**

## ဖခင်အမည်မှန်

ယာဉ်အမှတ် 21W/14639 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/9920 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၇)ရပ်ကွက်၊ ပွင့်ဦးလမ်း၊ အမှတ်(၇၉)နေ ဒေါ်မေစုခိုင် (ဘ) ဦးလှခိုင် ၈/ပခက(နိုင်)၂၃၄၉၀၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေစုခိုင်မှာ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့၏ ထုတ်ပေးသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ ဆိုင်ရာလုပ်ငန်းလိုင်စင်အမှတ်-၀၀၁၄၄၇ ဖြင့် သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်းတို့အား ခွင့်ပြုသည့် လုပ်ငန်းလိုင်စင်ရရှိထားပြီး အဆိုပါ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအား မြန်မာနိုင်ငံအတွင်း အသုံးပြုရန် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်လက်မှတ်အမှတ်စဉ်-၀၀၄၈၄၅ ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မေစုခိုင် ချည်ဆိုးဆေးနှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို လုပ်ငန်းလိုင်စင်အရ ခွင့်ပြုသည့်အတိုင်း ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုပါကမည်သူမဆို ယခုကြော်ငြာသတင်းထည့်သည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်စာတင်သွင်းခွင့်ရှိပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါ ချည်ဆိုးဆေးနှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို တရားဝင် လိုင်စင်ဖြင့် လုပ်ကိုင်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မြတ်သူ(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၅၈/၂၀၁၈)**
**တပ်မလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ပခုက္ကူမြို့၊**
**ဖုန်း-၀၉-၄၀၇၇၀၄၄၄၅**

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) **နေ့ရက်/အချိန်** - ၁၇-၇-၂၀၂၆ ရက်၊ နံနက် (၁၀:၀၀) နာရီ၊

(ခ) **နေရာ** - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

(ဂ) **ပစ္စည်းအမျိုးအမည်** - လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများ၊

(ဃ) **လေလံပုံစံ ရောင်းချခြင်း** - ၁၃-၇-၂၀၂၆ ရက်မှ ၁၆-၇-၂၀၂၆ ရက်အထိ ရုံးချိန်အတွင်း လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်း ပူးတွဲလျက်) တစ်စုံလျှင် ကျပ် (၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရောင်းချခြင်းနှင့် အာမခံစပေါ်ငွေပေးသွင်းခြင်းကို လက်ခံသွားမည်ဖြစ်ပါသည်၊

(င) **ပစ္စည်းပြသမည့် အချိန်** - အာမခံစပေါ်ငွေပေးသွင်းသူများကိုသာ ၁၃-၇-၂၀၂၆ ရက်မှ ၁၆-၇-၂၀၂၆ရက်အထိ နံနက် (၁၀:၀၀)နာရီ မှ ညနေ (၁၆:၀၀) နာရီ အထိ (၄) ရက်ပြသပါမည်။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း (၀၉-၄၂၀၀၀၅၉၂၀) နှင့် (၀၉-၂၅၄၀၇၃၃၀၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**
**ရန်ကုန်မြို့**

## မွေးသက္ကရာဇ်အမှန်ပြင်ဆင်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ အမက-ငွေအင်းကျောင်းတွင် ဒုတိယမူလတန်းပြဘာဝန် ထမ်းဆောင်နေသော ဦးခင်မောင်အေး ၅/ငဇန(နိုင်) ၀၁၀၅၀၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၁၁-၁၉၆၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလအသင်းကျေးရွာ၊ အ.ထ.က(ခွဲ)သက္ကလအသင်းကျောင်း Grade-6 မှ မောင်ဇင်မင်းကိုကိုနှင့် Grade-2 မှ မောင်နေလင်းကိုကိုတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဝေ ၇/ကဝန(နိုင်)၁၃၇၁၂၈ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ) ဦးရွှေထွန်း ၏သမီး ကျွန်မ နန်းရွှေကြာ ၁၃/မငန(နိုင်) ၀၁၀၄၈၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၀၉၇၈၆၇၅**

## ဖခင်အမည်မှန်

အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ဦးအောင်ကျော်လမ်း၊ သီဟကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 တွင် ပညာသင်ကြားနေသော မောင်ဘုန်းမင်းဟန် (၁၂/အစန(နိုင်)၂၉၇၆၀၉)၏ ဖခင်အမည်မှန်မှာ ဦးခင်ဝင်းသိန်း (၁၂/အစန (နိုင်)၁၈၁၃၀၀) ဖြစ်ပါကြောင်း။ **ဦးခင်ဝင်းသိန်း**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာ၊ ကွင်း/အမှတ်နှင့်အမည် ၄၅၈/လတွဒ်၊ မြေကွက်အမှတ်- ၁၈၁၊ ရွာမြေ၊ မြေဧရိယာ (၀ဒသမ ၁၂)ဧကရှိ မြေကွက်အား ဦးကြည်လင်း (ဘ)ဦးမောင်ဆန်း ၅/ ဗမန (နိုင်)၀၆၂၄၁၂ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်သဖြင့် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးကြည်လင်း ၅/ဗမန(နိုင်)၀၆၂၄၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၆)၊ မြိတ်ဟောင်းလမ်း၊ မြေကွက်အမှတ်(၃၄၀)၊ မြေကွက်အမှတ်(၃၄၁)၊ မြေကွက်အမှတ်(၃၄၂)ဟုခေါ်တွင်သော မြေအလျား x အနံ ပေ(၄၀x၆၀)စီရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက် (၃) ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်အောင်လွင် (၁၂/သဃက(နိုင်)၁၃၇၂၃၀)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနေမျိုးအောင် (၃/မဝတ(နိုင်)၀၆၉၅၁၄) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသက်ပိုင်ထူး (၁၀/မလမ (နိုင်) ၁၈၇၀၁၈) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၈ ၊ မြေကွက်အမှတ် -တ/၈၅ ပေါ်ရှိ (အမှတ် - တ/၈၅ ၊ မင်းရဲကျော်စွာလမ်း ၊ ၃၈ - ရပ်ကွက် ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သော) အကျယ်အဝန်း - ပေ၄၀ x ပေ ၁၀၀ (၀ဒသမ၀၉၂ ဧက) ရှိ ဦးဌေးမြင့် (EMGI - ၁၀၇၉၆၀) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစား မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့ ၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက ပိုင်ရေးဆိုင်ခွင့် လွှဲပြောင်းတို့ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမျိုးမြင့်အောင် စဉ်-၂၅၁၆၅ | ဦးအေးမင်းသူ စဉ်-၂၆၀၉၉ |
|---|---|

**အထက်တန်းရှေ့နေများ**
အမှတ် - ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၅၁၄၅၇၆၇ ၊ ၀၉-၄၂၀၀၂၈၃၆၆

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မြို့နယ်၊ ၁ /ထူပါရုံ ရပ်ကွက်၊ ထူပါရုံ(၇)လမ်း၊ တိုက်အမှတ်( ၉၈၄/ခ )၊ အခန်း( မြေညီထပ် ) အကျယ်အဝန်း( ၁၈ပေ × ၅၄ပေ )ရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ကာရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်ဦး(၁၄/ဖပန(နိုင်) ၁၁၅၉၀၄)နှင့် ဒေါ်စန္ဒာဝင်း (၁၂/ကမန(နိုင်)၀၀၀၂၂၁) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဖြိုးပြည့်စိုး ( ၁၂/ဥကတ(နိုင်) ၁၇၁၃၆၂)က ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
|---|---|
| LL.B, D.B.L, D.I.L, D.M.L | LL.B, D.B.L, D.I.P.L |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၇)မှ (၂၀၂၆-၂၀၂၇)ခုဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြို့ကြီးကျေးရွာရှိ စိုက်ပျိုးမြေများအား ရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းနှင့် ဆည်ရွာကျေးရွာရှိစိုက်ပျိုးမြေများအား ရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဆိုလာနှင့်သက်ဆိုင်သည့် ရေတင်စနစ်၊ ရေတင်ပိုက်လိုင်းနှင့် ဆိုလာစနစ်ဆောင်ရွက်ခြင်းလုပ်ငန်းများ၏ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၇)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မိတ္ထီလာမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူ ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာယူရမည့်ရက်** - ၁၃-၇-၂၀၂၆ရက်မှ ၂၇-၇-၂၀၂၆ရက်
(ခ) **တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၂၇-၇-၂၀၂၆ရက် (၁၆:၃၀) နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၇)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မိတ္ထီလာမြို့
(ဃ) **တင်ဒါဖွင့်မည့်ရက်** - **တင်ဒါဖွင့်မည့်နေ့ရက်ကို သီးခြားကြေညာပါမည်။**
(င) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ကြီးမြို့။

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၇)၊ မိတ္ထီလာမြို့၊ ဖုန်းနံပါတ်- ၀၆၄-၂၂၂၃၀၂၃, ၀၉-၇၆၅၄၀၈၃၉၆, ၀၉-၇၆၈၅၉၆၄၁၁ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မြေပိုင်ရှင်များ သိရှိနိုင်ရန် ကြေညာခြင်း

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) (၃)ရုံး အခြေစိုက်ဖွင့်လှစ်ထားသော မုံရွာမြို့၊ အလုံ(မင်းဒေါင့်) ရပ်ကွက်၊ အလုံတောင်ကွင်း၊ ကွင်းအမှတ်(၃၂၇)တွင် ပါဝင်သော မြေကွက်(၉၆)ကွက်အား၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံပိုင် သတင်းစာများတွင် နှစ်စဉ်ကြော်ငြာထည့်သွင်းပြီး လျော်ကြေးငွေများပေးအပ်လျက်ရှိရာ ယနေ့အထိ မြေကွက်(၉၁)ကွက်အား လျော်ကြေးငွေပေးချေခဲ့ပြီး ဖြစ်ပါသည်။ ပေးလျော်ရန် ကျန်ရှိသည့် မြေကွက်(၅)ကွက်၏ ပိုင်ရှင်များအနေဖြင့် ကာယကံရှင်(သို့မဟုတ်) မိသားစုဝင်များ ကိုယ်တိုင်ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှစ၍ (၃၁-၈-၂၀၂၆) ရက်အတွင်း နောက်ဆုံးထား၍ အမြန်ဆုံးလာရောက်ဆက်သွယ်ကြရန် နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

| စဉ် | မြေကွက်ရရှိသူအမည် | အကွက်အမှတ်နှင့်ဦးပိုင်အမှတ် |
|---|---|---|
| ၁ | ဦးတင်လင်း (ကထိက) | ၂လမ်း-စ(၁) |
| ၂ | ဗိုလ်မှူးသန်းထွန်းအောင် | ၁လမ်း-စ(၆) |
| ၃ | ဗိုလ်ကြီးရန်နိုင်ထွန်း (ဦးကျော်ဆွေ) | ၃လမ်း-ဆ(၅) |
| ၄ | ဗိုလ်ကြီးမျိုးမြင့် | ၂လမ်း-ဆ(၁၄) |
| ၅ | အရာခံဗိုလ်လှဝင်း | ၃လမ်း-ဇ(၁၄) |

**လျော်ကြေးငွေပေးအပ်ရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့**

ဆက်သွယ်ရန်လိပ်စာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(၃)ရုံး၊ စူးစမ်းလေ့လာရေးဌာနခွဲ (မင်းဒေါင့်စခန်း) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ မုံရွာမြို့
- ၀၉-၉၅၇၆၂၇၆၇၂၊ ၀၉-၉၅၀၇၃၇၇၄၃
-ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မုံရွာမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၃)ရပ်ကွက်၊ ဗိုလ်မိုးကြိုးလမ်း၊ အမှတ်(၈၈၃)ဟုခေါ်တွင်သော အလျား ၁၀ ပေ x အနံ ပေ ၆၀ရှိ မြေနှင့် သီးပင်စားပင်၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအားမူလပိုင်ရှင်များဖြစ်သော ဒေါ်မင်းသူ ၁၂/ဒဂတ(နိုင်) ၁၆၀၉၄၆၊ ဒေါ်လွဲ့လွဲ့ဝင်း ၁၂/ဒဂတ (နိုင်) ၁၀၀၁၀၁တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးရာမေ့စ် (KTGA-၀၅၁၅၁၃)က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဝေမွန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၇၇/၂၂)**
**ဖုန်း-၀၉-၉၅၇၀၄၉၆၂၆**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကျွဲတဲကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) Grade-9 မှ မောင်ကောင်းစွမ်းပြည့် ၏ဖခင် ဦးကိုညီ၏ အမည်မှန်မှာ ဦးမောင်ညီ ၈/မလန(နိုင်)၀၅၅၀၅၁ ဖြစ်ပါကြောင်း။

**ဦးမောင်ညီ**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကျွဲတဲကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade-9 မှ မောင်ဝေယံထွန်း ၏ဖခင် ဦးထွန်းထွန်းလင်း ၏ အမည်မှန်မှာ ဦးထွန်းလင်း ၈/မဘန(နိုင်)၀၇၄၀၇၂ ဖြစ်ပါကြောင်း။

**ဦးထွန်းလင်း**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂-၆-၂၀၂၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၈)ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းတွင် လွှဲအပ်ညွှန်ကြားသူ ဦးအောင်သန့်ထူး အစား ဦးကောင်းသန့်ထူး ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၂) Grade-11(A) တွင် ပညာသင်ကြားနေသော မဝေဟင်ပွင့်ဖူး ၏ မိခင်အမည်မှန်မှာ နန့်ဂီးဖန်း ၁၄/ကပန(နိုင်)၁၁၂၅၂၀ ဖြစ်ပါကြောင်း။

**နန့်ဂီးဖန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲမှ အသုံးပြုရန်အတွက် လိုအပ်သော စက်သုံးဆီ၊ ဒီဇယ်ဆီ(ရိုးရိုး)-(၁၅၀၀၀) ဂါလန်နှင့် ဓါတ်ဆီ (92 Ron)-(၁၅၀၀) ဂါလန်ဝယ်ယူခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - (၁၀-၇-၂၀၂၆)ရက်မှ (၂၃-၇-၂၀၂၆)ရက် အထိ(ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊နေပြည်တော်
၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - (၂၄-၇-၂၀၂၆)ရက်၊ (၁၃:၀၀)နာရီ
၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ် (၄၃)၊နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း ၊ ဖုန်း-၀၆၇-၃၄၁၀၂၁၀ ၊ ၀၆၇-၃၄၁၀၅၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ(၈၆၀၀၀)ဂါလန်၊ Octane- 92(၁၄၀၀၀)ဂါလန် နှင့် ပရီမီယမ်ဒီဇယ်ဆီ(၇၀၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့် တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၆-၇-၂၀၂၆ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၀-၇-၂၀၂၆ ရက်
(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂လမ်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန
(ဃ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်** - ၂၇-၇-၂၀၂၆ ရက်
(င) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ** - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(စ) **တင်ဒါပုံစံဈေးနှုန်းများမှာ** - ဒီဇယ်ဆီ ကျပ် ၁၅၀၀၀/-; Octane-92 ကျပ် ၁၀၀၀၀/-; ပရီမီယမ်ဒီဇယ်ဆီ ကျပ် ၁၅၀၀၀/-

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သောကုမ္ပဏီအနေဖြင့် စက်သုံးဆီသွင်းကုန်လိုင်စင် Fuel Import License (လိုအပ်ပါကမူရင်းတင်ပြရမည်) တင်ပြနိုင်ရမည့်အပြင် စက်သုံးဆီများအား ပြည်ပမှတိုက်ရိုက်မှာယူတင်သွင်းထားသည့် ကုမ္ပဏီဖြစ်ရပါမည်။
၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်းနံပါတ်၊ ၀၂-၄၀၈၀၁၅၇၊ ၀၂- ၄၀၈၁၃၁၆၊ ၀၉-၄၄၄၀၁၅၀၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/5156 ၏ ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁- B (ကြယ်စင်အိမ်ရာ)၊ မြေကွက်အမှတ်-၁၃-B/၂၈ ၊ အကျယ်အဝန်း (အလျား ပေ ၈၀ x အနံပေ ၈၀ )၊ စတုရန်းပေ(၆၄၀၀)၊ ဧရိယာ (၀.၁၄၆)ဧကရှိ ဒေါ်လင်လင်ရင်(ခ) နန်းလောင်ခမ်း (၁၃/တကန(နိုင်)၀၀၄၂၀၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ သန်လျင်မြို့နယ်၊ ရန်ကုန်-သန်လျင်တံတားအမှတ်-၁အနီး၊ မြို့ဟောင်း အနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း(Star City)အတွင်းရှိ Villa-28 (Lot-28)အဆောက်အအုံအပါအဝင် ယင်းမြေအဆောက်အအုံနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်လင်လင်ရင်(ခ) နန်းလောင်ခမ်း (၁၃/တကန(နိုင်)၀၀၄၂၀၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးဝင်းမော် (၁၂/ပဇတ(နိုင်)၀၂၉၃၉၆)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)**
**ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်သိမ့်သဥ္ဇာလီ (LL.B, LL.M) (စဉ်-၅၆၈၈၇)**
**အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/33463 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီမြင့် ၇/ကတခ(နိုင်)၁၅၉၂၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/5867, JRC-300 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်ထွန်း ၉/ပမန(နိုင်) ၁၈၄၀၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျပ်သန်း (၂၀၀) နှင့်အထက် ဇော်ဂျီဆောင် (၁၃၈'x၄၂') (၂) ထပ် အိပ်ဆောင်အား ဖြိုချရှင်းလင်း၍ ဇော်ဂျီဆောင် ( ၁၄၄' x၂၅'x၂၂') RC (၂) ထပ် အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းအား စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** - (၁၅-၇-၂၀၂၆)ရက်မှ(၂၁-၇-၂၀၂၆) ရက်အထိ၊ (၁၄:၀၀)နာရီအထိ
၃။ **တင်ဒါအဆိုပြုလွှာ တင်သွင်းရမည့်ရက်** - (၂၃-၇-၂၀၂၆)ရက်မှ(၂၄-၇-၂၀၂၆)ရက် အထိ၊ (၁၅:၀၀)နာရီအထိ
၄။ **တင်ဒါအဆိုပြုလွှာ တင်သွင်းရမည့်နေရာ** - စီမံရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
၅။ **တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံ၍ ဆက်သွယ်အကြောင်းကြားပေးပါမည်။

၆။ လုပ်ငန်းအမျိုးအစားအလိုက် တင်ဒါပုံစံ၊ စည်းမျဉ်းစည်းကမ်း၊ အသေးစိတ်အချက်အလက်များနှင့် Specification များအား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ငွေကိုင်ဌာန၊ ဖုန်း ၀၆၇၃-၄၁၆၆၈၆ တွင် ဝယ်ယူရရှိနိုင်ပါသည်။
၇။ အသေးစိတ်သိရှိလိုပါက စီမံရေးရာဌာန၊ ဖုန်း ၀၆၇၃-၄၁၆၅၁၃ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ အမှတ်(၆)ရပ်ကွက်၊ ရန်ကုန်လမ်း၊ မြေကွက်အမှတ်(၃၄/ခ)၊ မြေအကျယ်ပေ(၂၀x၆၀) (ဦးချစ်လွန်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်)ရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ (၁)ထပ်တိုက်နေအိမ် (ရေမီးစုံ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးသီဟစော(၁၀/သထန(နိုင်)၁၇၄၆၇၁)မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုဇဉ်ဇဉ်အေး(၁၂/လမန(နိုင်)၁၄၀၀၂၁)က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ချိုဇဉ်ဇဉ်အေး**
**(၁၂/လမန(နိုင်)၁၄၀၀၂၁)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညီမာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၄၆၇၂)**
**အမှတ်(၁၃၇၁/ခ)၊ သူရိယလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၂၉၄၀၀၄**

## အမည်မှန်

ပဲခူးမြို့၊ အထက (၃) Grade-4(C)မှာ တက်ရောက်နေသော မငွေဆောင်းယွန်း၏ အမည်မှန်မှာ မကျော့ငွေရည်ဖြစ်ပါကြောင်း။

**မကျော့ငွေရည်**

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ ဖြူးမြို့၊ ဈေးရပ်ကွက်နေ (ဘ)ဦးချစ်မောင်၏သား ဦးသောင်းလွင် ၇/ဖမန(နိုင်)၀၀၉၀၅၀ ၏ မွေးသက္ကရာဇ် အမှန်မှာ (၂၅-၁၂-၁၉၆၄) ဖြစ်ပါကြောင်း။

**ဦးသောင်းလွင်**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာနေ ဦးပြည့်ဖြိုးကျော် ၉/သစန(နိုင်) ၁၂၈၀၇၅ ၏သမီး အထက မယ်ဇလီကန် Grade-2(A)မှ မချို၀မ် အား မငွေမှုံနံ့သာကျော် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မငွေမှုံနံ့သာကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/88471 ယာဉ်လက်ဝယ်ရှိသူ ဆန်သံကူမာရ် ၇/ကတခ(ပြု)၀၀၄၅၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ဖခင်အမည်မှန်

ဘားအံမြို့နယ်၊ အထက ကော့ရင်းအောက် Grade-8 မှ စောထီးရီးထူး နှင့် Grade-5မှ နော်ဆောင်းနန္ဒီခိုင်၏ ဖခင်အမည်မှန်မှာ စောဇင်အောင်သန့် ၃/ဘအန(နိုင်) ၁၅၃၂၆၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၈)၊ အင်ကြင်းလမ်းသွယ်၊ မြေကွက်အမှတ်(၂၉၉/က)၊ မြေအကျယ်အဝန်း( ပေ၂၀ x ပေ ၆၀)ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှအေးထံမှ “နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီး အပိုင်အရောင်းအဝယ် ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်စန်းစန်းမြင့် (၁၂/သကတ(နိုင်)၁၃၆၃၉၉)က မိမိသာလျှင် တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာလွင် ( ၁၂/ ဥကမ(နိုင်)၀၁၆၈၂၉ ) က အရောင်းအဝယ်ပြု လုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ( ၇ )ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(မြောင်းမြ)(LL.B)(D.B.L)(D.M.L)(D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၄၀၁၁၀၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ မြေကွက်အမှတ်(ခ/၃၇)၊ ဦးပိုင်အမှတ် (၄)၊ ဧရိယာ (၀.၀၅၅) ဧက အကျယ်ရှိ ဦးမောင်ဘ(ဌာနေ) အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အိဖြူလွင် (ဘ) ဦးခင်မောင်ဖြူ (၁၂/ရကန(နိုင်)၀၇၂၅၆၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်နွယ်မြင့် (ဘ) ဦးဌေးမြင့် (၁၂/သလန(နိုင်)၀၂၀၁၁၈) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် (LL.B, DBL DIPL DIL) (စဉ်- ၁၄၆၆၈)**
**ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင် (LL.B, DIPL) (စဉ် - ၁၈၇၂၆)**
**ဒေါ်ခင်သီတာမြင့်အောင် (LL.B, DBL) (စဉ်-၂၀၀၇၈)**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၀)၊ မြေကွက်အမှတ်(၅၉၉)၊ ရတနာလမ်းသွယ်(၁)၊ ဧရိယာ (၀ဒသမ၀၅၅)ဧက၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဒေါ်တင်မိုးဝေ (ခ) မိုးစန္ဒာ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်မိုးဝေ(ခ)မိုးစန္ဒာ(၁၂/ပဘတ(နိုင်)၀၀၇၅၂၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၇၅)**
**အမှတ်(၅၀)၊မြေညီထပ်၊(၃၉)လမ်းအောက်၊(၈)ရပ်ကွက်၊ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၈၈၉၇၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## တွံတေးခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၃

ဒေါ်သန္တာအေး နှင့် ၁။ ဦးသန်းဝင်း
၂။ ဒေါ်စန်းစန်းအေး
၃။ ဒေါ်ဆွေဆွေထွန်း

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းမကြီး၊ အမှတ်( ၁၇၄) နေ ဦးသန်းဝင်း၊ ဒေါ်စန်းစန်းအေး၊ ဒေါ်ဆွေဆွေထွန်း (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "(၁၁-၃-၂၀၂၃) နှင့် (၂၀-၆-၂၀၂၃) ရက်စွဲပါ မြေနှင့် အိမ်အရောင်းအဝယ် ပဋိညာဉ်များအတိုင်း ကျန်ငွေကိုလက်ခံ၍ မြေနှင့် အိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၃) ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၃) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်ပန်းစိန်)
ဒုတိယခရိုင်တရားသူကြီး (၁)
တွံတေးခရိုင်တရားရုံး

## မိခင်အမည်မှန်

နေပြည်တော် လယ်ဝေး မြို့နယ်၊ အထက - (ခွဲ) ကွမ်းခြံ G-12 မှ မောင်ကျော်ဝင်းသိန်း၏ မိခင် ဒေါ်မာလွင် ၉/လဝန(နိုင်) ၁၅၄၉၂၁ အား ဒေါ်ခင်မာလွင် ဟု ပြောင်းလဲခေါ်ဆိုရန်။

## ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အထက - ခွဲ ကွမ်းခြံ G - 12 မှ မဖြူသွယ် ၏ဖခင် ဦးဖိုးဆယ် ၉/လဝန (နိုင်) ၃၀၄၅၁၇ အား ဦးဖိုးဆယ်လေး ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

ဦးဖိုးဆယ်လေး

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၉၅၃)၊ ဧရိယာ(၀.၀၅၅) ကေရှိ နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်ခိုင်ငြိမ်းအေး ၅/ကလတ(နိုင်) ၀၆၂၈၅၉မှ မြေငှားစာချုပ်၊ အရောင်းအဝယ်စာချုပ်အမှတ်(၁၅၀/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးသန်းဇော်ငွေ ၉/ပမန (နိုင်)၀၀၀၄၀၅ (ပါ) ၂ - ဦး နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၈၁၂)၊ ဧရိယာ(၀.၀၅၅)ကေရှိ နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ ဦးချို (ခ) ဦးအောင်သန်း ၉/ပမန(နိုင်)၀၃၄၂၄၃မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး ဒေါ်သဲနန္ဒာလင်း ၉/ပမန(နိုင်)၁၂၆၀၃၁ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၆၇၂)၊ မြေဧရိယာ(၀.၀၈၂) ကေရှိ ဦးညွန့်အောင် (ဘ) ဦးအေးမောင် ၉/လဝန(နိုင်)၀၅၀၅၁၀ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးညွန့်အောင်မှ ဦးနေသူအောင် (ဘ) ဦးဝင်းတင် ၈/ပခက(နိုင်)၂၁၈၃၁၈ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့၊ ရွာသစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၂/မကြီးလေးပင်)၊ ဦးပိုင်အမှတ် (၃၁၁)၊ မြေကွက်အမှတ်(၂၁၆/၃၇၁)၊ မြေဧရိယာ(၀.၁၃၈)ကေရှိမြေအား ဒေါ်ဝါလ်ကဆူပါ (၅) ဦး အမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးပါရန် စာချုပ်စာတမ်း အထောက်အထားများဖြင့် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇/ရွှေကြာငုံ)၊ ဦးပိုင်အမှတ် (၇၁-က)၊ မြေကွက်အမှတ် (၅၀၊ ၅၁)၊ မြေဧရိယာ(၀.၀၉၁) ကေရှိ မြေအား ဦးသန်းငွေအောင် အမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးပါရန် စာချုပ်စာတမ်းအထောက်အထားများဖြင့် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ပေါင်းလောင်း- ၂၊ မြေကွက်အမှတ် (၇၅၂)၊ ဧရိယာ(၀.၀၅၅)ကေရှိ နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ ဦးကျော်ညွန့် ၉/ပမန(နိုင်) ၀၁၉၇၉၆ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးလင်းထက်အောင် ၁၂/ဥကတ(နိုင်)၁၈၀၂၂၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ ဟိုတယ်ဇုန် အရှေ့ရပ်)၊ မြေကွက်အမှတ် (A-၁၅၂)၊ မြေဧရိယာ (၀.၂၂၉) ကေရှိ ဒေါ်ယုယုဝင်း (ဘ) ဦးဟောင်ရှင်းရှောက် ၉/မဟမ(နိုင်)၀၁၈၄၆၁ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ယုယုဝင်းမှ ဒေါ်သီရိမြင့်အောင် (ဘ) ဦးငွေမြင့်အောင် ၃/သတန(နိုင်)၀၃၅၄၄၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အထက (၁) Grade-11 မှ မင်းပိုင်နွန်နှင့် Grade-12 မှ မောင်ဝီရချမ်း တို့၏ဖခင် ဦးစိုက်ဉာဏ်၏ အမည်မှန်မှာ ဦးဆန်းညို ၁၀/ ရမန(နိုင်) ၂၃၅၅၁၉ ဖြစ်ပါကြောင်း။

ဦးဆန်းညို

## မွေးသက္ကရာဇ်အမှန်

အင်းစိန်မြို့၊ အထက(၃) အင်းစိန် Grade - 12 မှ မောင်မင်းခန့်၏ မွေးသက္ကရာဇ် အမှန်မှာ ၄-၁-၂၀၀၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅) ကေရှိ ဒေါ်သန့်သန့် ၁၂/ကမရ(နိုင်) ၀၁၀၆၃၁ (ဘ) ဦးသိန်းမြင့် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက် အမှတ်(ပ-၃၂၅၇၈) ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၇၂/၂၀၂၃(၁၁-၇-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်မျိုးအောင် ၉/မရတ (နိုင်)၁၂၀၃၃၆ (ဘ) ဦးကျော်သိန်းမှ ဦးဇေလင်းထွန်းပိုင် ၈/မထန(နိုင်)၀၉၇၉၈၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိ အနောက်ရပ်၊ မြေကွက်အမှတ်(ဥ-၃၂၇၀) မြေဧရိယာ (၀.၂၂၉) ဧက၊ နှစ် (၃၀) မြေငှားစာချုပ်မြေကွက်၏ အမည်ပေါက် သူရဦးစိန်သောင်း (ဘ) ဦးဖိုးပိန် ၉/ကပတ(နိုင်)၀၂၉၆၂၇ နှင့် ဇနီးဖြစ်သူ ဒေါ်ခင်ငွေးမြင့် (ဘ)ဦးသိန်း ၉/ကပတ(နိုင်)၀၁၁၁၁၈ တို့ ကွယ်လွန်သွားပါသဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသော သားသမီးများဖြစ်ကြသည့် ဒေါ်ချယ်ရီစိန်သောင်း (ဘ) ဦးစိန်သောင်း ၇/ပခန (နိုင်)၂၀၆၁၂၁၊ ဒေါ်ငုဝါစိန်သောင်း (ဘ) ဦးစိန်သောင်း ၇/ပခန(နိုင်)၂၀၆၁၂၂၊ ဦးဖြိုးသီဟ (ခ) ဖြိုးသီဟစိန်သောင်း (ဘ) ဦးစိန်သောင်း ၁၃/ဖခန(နိုင်) ၀၄၃၇၃၅ နှင့် ဦးထူးဝဏ္ဏစိန်သောင်း(ဘ)ဦးစိန်သောင်း ၁၂/မဂဒ(နိုင်)၁၄၆၆၀၇ တို့၏ အမည်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ယခင်- ဒဂုံမြို့သစ်၊ ယခု-ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (L-18/၆၁)၊ မြနန္ဒာလမ်း၊ မြေကွက်အမှတ် (၃၂၁၁ + ၃၂၁၂)၊ အကျယ်အဝန်း (၈၀ပေ × ၆၀ပေ)ရှိ ဦးရဲလင်း (DBN- ၀၀၇၇၈၂)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးထက်နိုင်ဝင်း (၁၂/လမတ (နိုင်) ၀၀၀၉၂၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစင်မောင်ဦး LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
၀၉ ၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ (၀.၁၁၃) ဧက၊ မြေကွက်အမှတ် (ဥသ-၂၀၆၇)၊ ဒေါ်အေးအေးငြိမ်း ၁၁/သတန(နိုင်)၀၃၉၈၃၃ (ဘ) ဦးမောင်ငြိမ်း အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်အေးအေးငြိမ်း ၁၁/သတန (နိုင်)၀၃၉၈၃၃ (ဘ) ဦးမောင်ငြိမ်းမှ ဒေါ်မေဦးခိုင် ၁၂/ရကန(နိုင်)၀၆၅၄၁၁ (ဘ) ဦးသီဟအောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၁၁၀)ကေရှိ မြေကွက်အမှတ်(ပ-၂၁၇၅၅)ကို အမည်ပေါက် ဒေါ်ခင်မြမြ (ဘ) ဦးခင်မောင် ၁၂/ရကန(နိုင်)၀၂၅၆၄၇ မှ ဒေါ်ခင် ချောသူ (ဘ) ဦးသောင်းရီ ၁၂/စခန(နိုင်)၀၆၁၆၆၉ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းအမှတ်- ၂၊ မြေကွက် အမှတ်-၈၀၊ မြေဧရိယာ ၀.၀၅၆ ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အား ဂရန် နှစ် (၃၀) အမည်ပေါက် လက်ရှိရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ငြိမ်းမြ (ဘ) ဦးလှဝင်း ၈/ပမန (နိုင်)၁၀၀၅၅၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မြင့်မြင့်ခိုင် (ဘ) ဦးအောင်ကြည် ၇/အတန(နိုင်)၀၇၀၉၀၁ က ဝယ်ယူထားပြီး ဖြစ်ပါသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ များ၏အနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ၎င်းအိမ်ဝိုင်း ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်၏ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း ခိုင်လုံသောအထောက်အထားစာရွက် စာတမ်းမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ် အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်မြင့်မြင့်ခိုင်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇာဇာဝင်း (LL.B) (စဉ်-၁၃၁၀၇)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၃၁၉၁၂)၊ စွယ်တော် (၇) လမ်း၊
ဝဏ္ဏဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊
နေပြည်တော်၊ ဖုန်း-၀၉-၄၂၀၇၀၃၀၂၄

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ Mingalar Education Centre Grade-6 မှ မောင်ဉာဏ်လင်းထက် ၏ ဖခင် အမည်မှန်မှာ ဦးဗိုလ်ဗိုလ်ဦး (ခ) ဖောင်ရီကြူ ၁၂/စခန (နိုင်) ၀၅၄၈၀၃ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ) ဦးချစ်လှ၏သား ကျွန်တော် မောင်ချစ်ကိုဝင်း ၁၂/စခန(နိုင်) ၀၆၃၂၇၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MH - 287356) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၀၀၆၁၁၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/94231, New Zhineng 110, M/C ယာဉ် လက်ဝယ်ရှိသူ ဦးစိုးနိုင်ဝင်း ၈/ရစက (နိုင်)၁၃၀၇၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/24485, Canda125, MC ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်ထွန်း ၁၁/ဘသတ(နိုင်) ၀၃၅၂၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/97354, New Zhineng 110, M/C ယာဉ် လက်ဝယ်ရှိသူ ဦးမျိုးဇော်ထွန်း ၁၁/ဘသတ(နိုင်)၀၃၅၂၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၂၅၇၈ ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မြို့မမြောက်ရပ်)၊ မြေရေိယာ (၀ ဒသမ ၀၄၆)ဧကရှိ ဒေါ်နုနုအောင် (ဘ) ဦးအောင်သန်း ၅/ကလဝ(နိုင်)၀၀၂၄၈၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၆၃၃)ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်ခင်ပွန်းဖြစ်သူ ဦးဝင်းဗိုလ် (ဘ) ဦးသောင်းထွန်း ၁၁/တကန (နိုင်)၀၆၀၁၁၀၈မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ရပ်စောက်မြို့၊ (ဘ)ဦးစံမြစိန်၏သား မောင်ကောင်းပြည့်ဟိန်း (၁၃/ရစန(နိုင်)၁၁၉၈၉၄) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-955029) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၇၇၈၅၉၉၁၅၇**

## ပတ်စ်ပို့ပျောက်

ကျောက်တလုံးကြီးမြို့၊ နောင်ပစ်(မ)နေ (ဘ) ဦးခွန်ရွှေလှ၏ သမီး နန်းအိမ်ထန်း (၁၃/တကန(နိုင်)၂၀၅၄၆၈) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-114173)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၇၀၇၄၃၅၅**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ဝါးပြားရပ်ကွက်နေ (ဘ)ဦးငွေးရွှေ၏သား မောင်သန့်ဇင်အောင် (၉/ကပတ(နိုင်)၂၆၁၄၁၆) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-215329) သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၇၁၃၈၅၁၀**

## ပတ်စ်ပို့ပျောက်

မိုင်းရှူးမြို့၊ ရပ်ကွက်(၁)နေ (ဘ)လုံးကျော်၏သမီး နန်းမွန်းဆာ (၁၃/မရန(နိုင်)၀၂၈၈၁၆) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-396709)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၂၂၃၅၉၄၆**

## ပတ်စ်ပို့ပျောက်

မိုးနဲမြို့၊ ရပ်ကွက်(၁)နေ (ဘ)ဦးစိုးကျော်ညွန့်၏သမီး နန်းသီသီဇော် (၁၃/မနန(နိုင်)၀၁၈၈၆၇) ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-817326)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၂၂၃၅၉၄၆**

## ပတ်စ်ပို့ပျောက်

နောင်တရားမြို့နယ်၊ ပတ်ကလက်ရွာနေ (ဘ) ဦးစွဲ၏သမီး ဒေါ်ဖုတ် (၁၃/နတရ(နိုင်)၀၁၈၇၇၃) ၏ နိုင်ငံကူးလက်မှတ်အမှတ် (M-392927) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၉၂၇၂၀၁၈**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/16496 ယာဉ်အမည်ပေါက်သူ ဦးသောင်းလှိုင် ၉/မခန(နိုင်)၀၅၀၆၇၃ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကောင်းမြတ်သာကိုယ်ပိုင် အထက်တန်းကျောင်း Grade-7 မှ စိုးနန္ဒာနှင်း၏ ဖခင်အမည်မှန်မှာ ဦးငွေး ၉/ပဘန(နိုင်)၀၂၂၅၇၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကောင်းမြတ်သာကိုယ်ပိုင် အထက်တန်းကျောင်း Grade-11 မှ မောင်အောင်ဘုန်းမြတ်(၂)၏ဖခင် အမည်မှန်မှာ ဦးငွေး ၉/ပဘန(နိုင်)၀၂၂၅၇၀ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၁)၊ ဦးပိုင်အမှတ်(၅၅+၅၆)၊ ၄၁x၄၂ကြား၊ ၅၂လမ်းနှင့် မန္တလေး-ပြင်ဦးလွင်လမ်းကြားရှိ ဦးမျိုးလွင်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ် အမှတ်(၆၁၉/၂၀၂၆) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သီတာဦး ၉/မရတ(နိုင်)၁၁၃၅၆၈က အမှုတွဲအမှတ်(၀၈၉၆/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

၁။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ်(၂၄) ဦးပိုင်အမှတ်(၁)၊ မြေဧရိယာ(၀.၁၂၃)ဧကရှိ မြေနေရာသည် ဦးမောင်ရွှေ(ခ)မြင့်ဝင်းအမည်ဖြင့် မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပေးထားရှိသည့် မြေငှားဂရန် အမှုတွဲအမှတ် (၄၇/မဆ/၂၀၁၄) ဖြင့် နှစ်(၃၀) မြေငှားဂရန် ရရှိထားသော မြေနေရာဖြစ်ပြီး ဦးမောင်ရွှေ(ခ)မြင့်ဝင်း (၆-၆-၂၀၂၃)တွင် တာချီလိတ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဒေါ်ယဉ်လဲ့ဆွေအား အထွေထွေကိုယ်စားလှယ်ပေးအပ်ထားရှိသဖြင့် ဒေါ်ယဉ်လဲ့ဆွေထံမှ (၁၈-၉-၂၀၂၅)ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်၍ ဦးသီဟဆွေက စာချုပ်ချုပ်ဆိုဝယ်ယူထားရှိပြီး ဦးသီဟဆွေ (၁၃/မဆတ(နိုင်)၀၀၀၁၈၁) အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသည်။

၂။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ်(၂၄)၊ ဦးပိုင်အမှတ်(၁)၊ မြေဧရိယာ(၀.၁၂၃)ဧကရှိ မြေနေရာကို ဦးသီဟဆွေ(၁၃/မဆတ(နိုင်)၀၀၀၁၈၁) မှ မြေငှားဂရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများ ယူဆောင်၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့**
**ဖုန်း-၀၈၂-၂၈၅၀၆၉၀**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်းကို ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ဒေါ်အေးအေးသန်း ၇/တငန(နိုင်)၀၀၉၇၆၄၏ သမီး မသက်ထားဆု ၁၂/လမန(နိုင်)၁၅၁၁၉၁ အား ၃-၁၂-၂၀၂၄ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)တွင် ပါရှိသော သမီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာချက်ကိုရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မိခင်-ဒေါ်အေးအေးသန်း**
**၇/တငန(နိုင်)၀၀၉၇၆၄**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၉၀ လမ်း ၃၀ ထောင့် သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ် (၂၃၄) ဦးအေးသိန်း-ဒေါ်အုန်းကြည်တို့၏ သားဦးညီဝင်း ၉/ခအဇ(နိုင်)၀၅၄၁၀၇ နှင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၉၀ လမ်း ၃၀ ထောင့် သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၃၄) ဦးခင်မောင်မြင့်-ဒေါ်ချစ်ချစ်တို့၏ သမီး ဒေါ်ခင်မာကြည် ၉/မနတ(နိုင်)၀၉၆၃၆၇ တို့သည် အကြင်လင်မယားအဖြစ်မှ ၃-၇-၂၀၂၆ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

**ဒေါ်ခင်မာကြည်**
**၉/မနတ(နိုင်)၀၉၆၃၆၇**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့၊ အ.လ.က(၁၁) မင်္ဂလာဒုံ Grade-3 မှ မောင်ဉာဏ်ဝဏ္ဏထွန်း၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဝမ်း ၅/ရစက(နိုင်)၀၃၅၁၅၉ ဖြစ်ပါသည်။

## အမည်ပြောင်း

(ဘ)ဦးသက်ထွေးအောင် ၇/လပတ(နိုင်)၀၉၇၁၈၇ ၏သား အထက (၂) ဗဟန်း Grade-9 မှ မောင်ရဲလင်းအား မောင်လပြည့်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။
